MOEA

# တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားနေ့နှင့် နေ့ထူးနေ့မြတ်များ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း(၃)

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ
စုစည်းဖော်ပြသည်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လီဆူတိုင်းရင်းသားတို့၏ ဓါးတက်ပွဲ | ၁ |
| ၂။ | ကယားတိုင်းရင်းသားတို့၏ ကေ့ထိုးဘိုး (ခေါ်) တံခွန်တိုင်ပွဲတော် | ၁၀ |
| ၃။ | ကရင်ရိုးရာ မီးပုံပူဇော်ပွဲ | ၂၂ |
| ၄။ | ချာဗန်းခုပ်(ChavangKut) (ကောက်သစ်စားပွဲတော်) | ၃၅ |
| ၅။ | ချင်းတိုင်းရင်းသားတို့၏ ရိုးရာကျားအောင်ပွဲအက | ၄၀ |
| ၆။ | မွန်ရိုးရာဆွမ်းတော်တစ်ထောင် တင်လှူပူဇော်ပွဲ | ၅၅ |
| ၇။ | ရခိုင်ရိုးရာရထားဆွဲပွဲ | ၆၁ |
| ၈။ | ရခိုင်တိုင်းရင်းသားရိုးရာကျင်ကိုင် ကစားပွဲဓလေ့ | ၇၀ |
| ၉။ | ပအိုဝ်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံ | ၇၈ |
| ၁၀။ | အာခါလူမျိုးတို့၏ ဒန်းစီးပွဲတော် | ၈၈ |


D/mai than myint

# လီဆူတိုင်းရင်းသားတို့၏ရိုးရာစားတက်ပွဲ

ကချင်ပြည်နယ်အတွင်း ထူးခြားသည့် ဂုဏ်ဒြပ်တစ်ခုမှာ ကချင်တိုင်းရင်းသားတို့၏ မနော(မနောင်)ပွဲ၊ ထောင်ကာအကပွဲနှင့် ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာနှစ်သစ်ကူးပွဲတော်၊ ကောက်သစ်စား ကောက်ဦးဆွမ်းကပ်ပွဲတော်တို့နှင့်အတူ ထင်ရှားသည့်ပွဲတော်တစ်ခု မှာ ရိုးရာစားတက်ပွဲဖြစ်ပြီး စိတ်ဝင်စားဖွယ်ရာဖြစ်သည်။

လီဆူတိုင်းရင်းသားတို့၏ ရိုးရာစားတက်ပွဲတော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ထိန်ချုံးမြို့ရှိ လီဆူ တိုင်းရင်းသားမျိုးနွယ်များက ၁၉၁၀ ပြည့်နှစ်မှ စတင်ကာ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်အတွင်း ဆဒုံးမြို့၊ မားကကျေးရွာ၌ ၁၉၂၀ ပြည့်နှစ်မှစတင်ကာ ကျင်းပခဲ့သည်။

လီဆူတိုင်းရင်းသားရိုးရာ စားတက်ပွဲကို မကျင်းပခင် စားတက်ပွဲမှာပါဝင်မည့် အနည်းဆုံး(၅)ဦး၊ အများဆုံး(၁၀)ဦး အထိ လူပုဂ္ဂိုလ်များကို ရိုးရာနတ်အဖြစ် (ဘုရားဖူ/ဘုရားမ)ကိုတောတောင် ထဲအတွင်း တစ်လကြာ ပူဇော်ကန်တော့ပွဲ ကျင်းပရပါသည်။ တောတောင်ထဲတွင် တစ်လကြာပူဇော်ထားသည့်အချိန်တွင် အမျိုး သမီးများနှင့်တွေ့ဆုံခြင်းမပြုရသည့်အပြင် နေထိုင်စားသောက်ရေး အတွက် လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ပေးရာတွင်လည်း အမျိုးသားနတ်ဆရာများကိုသာ လုပ်ဆောင်စေခဲ့ပါသည်။

နတ်ပူဇော်ရာတွင် ရိုးရာအရက်၊ ကြက်တစ်ကောင်ကိုကင်ပြီး ကြက်ဥ ၃လုံး ၅လုံးကိုပြုတ်ကာ ပူဇော်ပသပါသည်။ ချက်အရက်နှင့် ပူဇော်ပသရခြင်းမှာ ရိုးရာနတ်(၂)ပါးက ကြည်ကြည်ရွှင်ရွှင်နှင့် ကြွရောက်နိုင်ရန်ဖြစ်ပြီး ခါးတက်ပွဲတွင် ပါဝင်မည့်သူများက နတ်(၂) ပါးကို မနက်တစ်ကြိမ် ခါးတက်ပွဲတွင် အဆင်ပြေပြေနှင့် ပွဲတော်ကို အောင်မြင်စွာကျင်းပနိုင်အောင် ဆုတောင်းသည့်အမှုကို ပြုလုပ်ရ သည်။ ဤသို့ဆုတောင်းရာတွင် လီဆူတိုင်းရင်းသားတို့၏ ယုံကြည် ရာကိုးကွယ်ရာဖြစ်သည့် သံနတ်နှင့်မီးနတ်တို့ကိုလည်း ပူဇော်မှုကို ပြုလုပ်ရပါသည်။ ပူဇော်ဆုတောင်းပွဲ တစ်လပြည့်ခါနီးတွင် ဝက်ခပ် သင့်သင့်တစ်ကောင်နှင့် ကြက်တစ်ကောင်ကို နတ်ဆရာများက ဘုရားဖူး၊ ဘုရားမထံတွင် ခုနစ်နှစ်သက်တမ်းရှိ ဝက်နှင့်ကြက်ကို ဆက်ကပ်ပူဇော်သည့်အကြောင်း ရိုးရာနတ်ပူဇော်သည့်အဟော အပြောများနှင့် ပူဇော်ဆက်ကပ်ရပါသည်။

အဆိုပါခါးတက်ပွဲကျင်းပရန် နတ်ပူဇော်ပသသည့် ပုဂ္ဂိုလ်များ သည် နတ်ပူဇော်ပွဲကျင်းပစဉ် တစ်လကြာကာလအတွင်း အသားနှင့် ငါးစားသုံးခြင်းမပြုရဘဲ အသီးအရွက်များကိုသာ စားသုံး၍ နတ်ပူ ဇော်ရာမှပြန်စွန့်သည့် ကြက်ဥ၊ ကြက်သားများကို နတ်ပူဇော်ပသရာ တွင် ကူညီလုပ်ကိုင်သည့် အမျိုးသားများသာ ချက်ပြုတ်စား သောက်ကြပြီး နတ်ပူဇော်ပွဲစည်းကမ်းမှာလည်း အလွန်ကြီးမား ကြောင်းနှင့်နတ်ပူဇော်ရာ၌ အလွဲအမှားများရှိခဲ့ပါက ခြေထောက်တို့ တွင် ခါးများပြတ်ရှနိုင်ကြောင်း သိရှိရပါသည်။

နတ်ပူဇော်သည့်အခါတွင်အမှားလုပ်၍မရ၊ အမှားအယွင်းရှိလာလျှင်သံနတ်နှင့်မီးနတ်က ပြစ်ဒဏ်ပေးသည့်အနေနှင့် ဓါးကိုကိုင်သည့်လက်မှာဓါးရှစေသည်။ ထိုနည်းတူ ဓါးသွားပေါ်နင်းသည့် ခြေထောက်



D/mai than myint

နေရာသန့်ရှင်းအောင် နတ်ဆရာများက ဦးဆောင်ပြီးအရင်သွားရောက်ကာ ဆောင်ရွက်ရပါသည်။ ထို့နောက်ခါးတက်ပွဲမှာကြွရောက်လာမည့် နတ်များကိုလည်း ဖိတ်ခေါ်သည့်ရိုးရာအရကွင်းပတ်လည်ကို ချက်အရက်လောင်းရပါသည်။ ခါးလှေခါးကို မထောင်ခင်မြေပြင်မှပင် အောက်ခံခုံချပြီး ခါးအသွားကို အပေါ်ဘက်ကထားပြီး ဗွိပုံသဏ္ဍာန်တစ်ဆင့်၊ အတန်းလိုက်တစ်ဆင့်တပ်ဆင်သည်။ ထို့နောက် မီးနတ်၊ သံနတ်တို့ထံ အဓိဋ္ဌာန်ဆုတောင်းပြီးခါးလှေခါးတိုင်ကိုထောင်ရပါသည်။ ထိုကဲ့သို့ ခါးလှေခါးတိုင်ထောင်ရာတွင်လည်း နတ်ဆရာက ခါးတက်ပွဲကျင်းပမည့်အကြောင်းကို အဓိဋ္ဌာန်ပြုရာတွင်လည်း ထည့်သွင်းပြောကြားရပါသည်။ ခါးလှေခါးတိုင်ထူအပြီး နတ်ဆရာတစ်ဦးက အရင်ဆုံးပြေးတက်ကာ ခါးလှေခါးတိုင်တွင် တပ်ဆင်ထားသည့်အလံလေးချောင်းကိုအရပ်လေးမျက်နှာသို့နိုင်ငံသူနိုင်ငံသားများပစ္စည်း ဥစ္စာပေါကြွယ်ဝရေး၊ ကျန်းမာရေးကောင်းမွန်စေရေးနှင့် ငြိမ်းချမ်းရေးနှင့်ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံတော်ကြီးဖြစ်စေရေး၊ ဆုတောင်းပြီးမြေပြင်ကိုပစ်စိုက်ပါသည်။ ထိုကဲ့သို့ပစ်စိုက်ရာတွင် မြေပြင်ကိုမစိုက်ဘဲကျခဲ့သည်ရှိသော် ထိုအရပ်ဒေသမှာလိုရာဆု မပြည့်ဝတတ်ကြောင်းယုံကြည်ကြသည်။ လီဆူးတိုင်းရင်းသားတို့၏ ရိုးရာခါးတက်ပွဲကျင်းပရာတွင် ဓားတက်ပွဲမကျင်းပမီမီးပုံအတွင်း ဖြတ်သန်းနင်းခြေပြီး မီးလောင်ဖုမရှိသူကိုသာ နတ်ဆရာကတက်ခိုင်းသည်။ မီးလောင်ဖုရှိသူဆိုလျှင်ထိုသူသည်အဓိဋ္ဌာန်မအောင်မြင်ကြောင်းသိရှိရပါသည်။

ရိုးရာဓါးတက်ပွဲအစဉ်အလာမှာ လွန်ခဲ့သည့် နှစ်၁ဂဂ ကျော်မှစတင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းတွင်ကျင်းပခဲ့ပြီးမြန်မာနိုင်ငံတွင်း သို့ရောက်ရှိခဲ့သည်မှာလည်း နှစ်၁ဂဂခန့်အထိ ရိုးရာဓါးတက်ပွဲ





D/mai than myint

ကျင်းပပြီးစီးသည့်အခါတွင်လည်း ခါးတက် ပွဲကာလအတွင်း ပူဇော်ထားသည့် သံနတ်နှင့်မီးနတ်များကို ဆက်လက်စောင့်ရှောက်ပေးရန် ပူဇော်၍ ခါးစင်ကို ဖြုတ်သိမ်းပြီးမှ မင်္ဂလာယူအခမ်းအနားကျင်းပလေ့ ရှိသည်။ ခါးတက်ပွဲကိုနှစ်စဉ် ကျင်းပခြင်းမပြုလုပ်ရဘဲ သုံးနှစ်လျှင်တစ်ကြိမ်သာ ပြုလုပ်ရသည့် ရိုးရာပွဲတစ်ခုဖြစ်သည်။ အဆိုပါ ရိုးရာ ခါးတက်ပွဲ ကျင်းပခြင်း အားဖြင့် လီဆူတိုင်းရင်းသားအများစုက ဒေသတွင်းနေပြည်သူများ တည်ငြိမ် အေးချမ်းခြင်း၊ ဆန်ရေစပါးပေါ များခြင်း၊ ကျန်းမာရေး ကောင်းမွန်ခြင်း၊ စီးပွားရေးလာဘ်လာဘ တိုးတက်မြင့်မားခြင်း စသည့် ကောင်းခြင်းမင်္ဂလာအဖြာဖြာကိုရရှိခံစားစေနိုင်ကြောင်း ယုံကြည်ကြ သည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအနက် လီဆူတိုင်းရင်းသားလူမျိုးများသာ ရိုးရာဓားတက်ပွဲကို ကျင်းပခြင်းဖြစ်၍ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပြည်ပနိုင်ငံသားများကလည်း စိတ်ဝင်စားမှုရှိကာ လာရောက်ကြည့်ရှုအားပေးကြပါသည်။

# ကယားတိုင်းရင်းသားတို့၏ ကေ့ထိုးဘိုး(ခေါ်) တံခွန်တိုင်ပွဲတော်

ဗုဒ္ဓဘာသာနှင့် နတ်ကိုးကွယ်သော ကယားတိုင်းရင်းသားတို့သည် စိုက်ပျိုးရေးနှင့် ပတ်သက်၍ ကောက်ပင်ဖွံ့ဖြိုးရန်နှင့် လုပ်ငန်းများဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အထမြောက်အောင်မြင်စေရေးအတွက် မိုးရေကိုပေးစွမ်းသော မိုးနတ်၊ တောစောင့်နတ်၊ ချောင်းစောင့်နတ်နှင့် ယာစောင့်နတ်တို့ကိုပူဇော်ပသလေ့ရှိကြသည်။

ကယားတိုင်းရင်းသားတို့သည် ရှေးယခင်ကတည်းက ခေတ်မီ သိပ္ပံနည်းများကိုအသုံးပြု၍ စိုက်ပျိုးနိုင်သူများ မဟုတ်ကြဘဲ ၄င်းတို့၏မိရိုးဖလာ ရိုးရာနည်းများကိုသာ စိုက်ပျိုးကြသူများဖြစ်ခြင်းကြောင့် သဘာဝကပေးသည့် မိုးရေကိုအားကိုးပြီး ကောက်ပဲသီးနှံများကို စိုက်ပျိုးကြရသည်။ သို့ဖြစ်ပါ၍ တောင်ယာမစိုက်ပျိုးမီ၊ စပါး မရိတ်သိမ်းမီနှင့် စပါးရိတ်သိမ်းပြီးချိန်တို့တွင် လုပ်ငန်းကိစ္စအဝဝ အထမြောက်အောင်မြင်စေရေးအတွက် ကူညီစောင်မရန် ၄င်းတို့မမြင်နိုင်သော တန်ခိုးရှင်များအား ပူဇော်ပသမှုပြုလုပ်ကြသည့် ပွဲများအနက် ကေ့ထိုးဘိုး (တံခွန်တိုင်ပွဲတော်) သည် ကယားအနွယ်ဝင်တို့၏ ရိုးရာကိုးကွယ်မှုမှ ပေါက်ပွားလာသည့် နတ်ပူဇော်ပသပွဲ တစ်ခုဖြစ်ပါသည်။ အဆိုပါပွဲတော်ကို နှစ်စဉ်တန်ခူးလနှင့် ကဆုန်လတို့တွင် ကျင်းပလေ့ရှိကြသည်။ ယင်းပွဲတော်သည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ပြောင်းသော နှစ်သစ်ကူးပွဲတော်လည်း ဖြစ်သည်။



ယင်းပွဲတော်ကျင်းပခြင်းအားဖြင့် မိုးလေဝသမှန်ကန်ပြီး ကောက်ပဲသီးနှံများ ဖွံ့ဖြိုးအောင်မြင်လိမ့်မည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် တံခွန်တိုင်ပွဲကို မိုးခေါ်ပွဲ(မိုးတပွဲ)ဟုခေါ်လျှင်မှားနိုင်မည်မဟုတ် ပေ။ တံခွန်တိုင်ပွဲတော်သည် ကယားတိုင်းရင်းသားတို့၏အလွန်အရေးပါ အရာရောက်သော ရိုးရာယဉ်ကျေးမှု ပွဲတော်ဖြစ်ခြင်းကြောင့် ဘိုးဘွားအစဉ်အလာအရ နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိသော ပွဲတော်တစ်ရပ်ပင်ဖြစ်သည်။

တံခွန်တိုင်ပွဲတော် ကျင်းပခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းအမျိုးမျိုးလည်းရှိပါသည်။ ထို့ကြောင့်ကယားတိုင်းရင်း

သားတို့အနေဖြင့် ရိုးရာခလေ့ထုံးစံစည်းမျဉ်းများက ချမှတ်ထားသည့်စည်းကမ်းချက်များကို တံခွန်တိုင်ပွဲတော် ကျင်းပသည့်အခါတွင်တွေ့ရှိရပါသည်။ အကယ်၍တံခွန်တိုင်ပွဲတော်နှင့်သက်ဆိုင်သော သတ်မှတ်ထားသည့်စည်းကမ်းချက်တစ်စုံတစ်ရာ ချွတ်ယွင်းချက်ရှိခဲ့သည်ရှိ သော်မိမိတို့၏ ရပ်ရွာအိုးအိမ်များကိုစွန့်ခွါ၍ အခြားတစ်နေရာသို့ ပြောင်း ရွှေ့ရသည်အထိ စည်းကမ်းချက်ရှိသည်ကိုလည်းတွေ့ရှိရပါသည်။

ထို့ကြောင့်ကယားတိုင်းရင်းသားတို့သည် တံခွန်တိုင်ပွဲတော် မကျင်းပခင်ကတည်းက လုပ်ဆောင်ဖွယ်ရှိသည့် ကိစ္စမှန်သမျှကို ရိုးရာခလေ့ထုံးစံနှင့် ကိုက်ညီအောင် တံခွန်တိုင်အား ဦးစွာပြင်ဆင်လုပ်ကိုင်ကြရသည်။ ကနဦးပြင်ဆင်ရသည်မှာ ခေါင်ရည်များချက်ခြင်းဖြစ်သည်။ ခေါင်ရည်အဆင်သင့် ချက်ပြီးသောအခါ ရွာအတွင်း၌ လူများအစုံအလင် ရှိမရှိကြည့်ပြီး လူစုံလင်စွာရှိသည့် နေ့တွင်









တံခွန်တိုင်ထူရန်အတွက် သစ်ပင်ခုတ်ရမည့်နေ့ရက်ကို ကြက်ရိုးထိုး၍ ရွေးချယ်လေ့ရှိကြသည်။ ကြက်ရိုးဗေဒင်က ကောင်းမွန်သည်ဟု နိမိတ်ထွက်သောနေ့ရက်တွင် တံခွန်တိုင်သွားခုတ်ရန် ပြင်ဆင်ရသည်။ တံခွန်တိုင်ခုတ်ရန်မသွားမီသစ်ပင်ကောင်းကောင်းကို ရွာရှိလူများက ကြိုတင်၍ရှာထားရပြီးခုတ်မည့်သစ်ပင်ကို ရှာတွေ့ ခဲ့သည်ရှိသော် ထိုအပင်သည်တံခွန်တိုင်လုပ်ရန် ကောင်းမကောင်း ဆိုသည်ကိုကြက်ရိုးထိုး၍ကြည့်ရှုကြပြန်သည်။ အကယ်၍ကောင်းလျှင် ယင်းအပင်ကိုခုတ်ရန်သတ်မှတ်၍ ပြန်လာခဲ့ကြသည်။ ယင်းသို့ သတ်မှတ်ထားသည့်အပင်သည် ရွာနှင့်နီးလျှင် နံနက် ၃ ချက်တီး အချိန်၊ ရွာနှင့် ဝေးလျှင် ၁ ချက်တီးအချိန်ခန့်မှစတင်၍ တစ်အိမ်လျှင် အမျိုးသားတစ်ဦးစီ ရေဘူးကိုယ်စီဖြင့် သစ်ပင်ခုတ်ရန်ထွက်ခွာလေ့

ရှိကြသည်။ ထိုသို့သစ်ပင်ခုတ်ရာတွင် အမျိုးသမီးများ ပါဝင်ခွင့် မရကြပေ။

တံခွန်တိုင်သစ်ပင်ခုတ်ရာ၌ သစ်ပင်ခုတ်အဖွဲ့တွင် အနည်းဆုံး လူ၅ဝမှ၁ဝဝအထိပါဝင်ပြီး အတီးအမှုတ်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် တပျော်တပါး သွားလေ့ရှိကြသည်။ တံခွန်တိုင်အတွက်အသုံးပြုရန် သစ်လုံးမှာရိုးရာအလိုက် တချို့ကကျွန်းပင်ကို အသုံးပြုကြပြီး တစ်ချို့က အင်ပင်ကိုရွေးချယ်ကြသည်။ သို့သော်ရွေးချယ်သည့် သစ်လုံးမှာ အပြစ်အနာဆာကင်းရှင်းရန် လိုအပ်သည်ဟုဆိုသည်။ နွယ်ပတ်သောသစ်ပင်၊ ကောက်ကွေ့သောသစ်ပင်၊ ပိုးထိုးသော သစ်ပင် တို့ကိုမူ တံခွန်တိုင်အဖြစ်ရွေးချယ်ခြင်း မပြုကြကြောင်းသိရ သည်။









သစ်ပင်ကိုရွေးချယ်ပြီးနောက် ပထမဦးစွာ တံခွန်တိုင် နတ်ဆရာက စတိသဘောမျိုးဖြင့် သစ်လုံးကို စတင်ခုတ်ရသည်။ ထို့နောက် လိုက်ပါလာသူများက ဝိုင်းဝန်းခုတ်ကြရသည်။ သစ်ပင်ကို ခုတ်လှဲ၍ တံခွန်တိုင်လုပ်ရန်အတွက် လိုသလောက်အတိုအရှည် တိုင်းထွာဖြတ်တောက်ကြပြီး သစ်လုံးကို နွယ်ကြိုးများ ဝါးလုံးများ ဖြင့် ချည်နှောင်ကာ ထမ်းပိုးလာကြရသည်။

ယင်းကဲ့သို့ တံခွန်တိုင်သယ်ယူရာတွင်လည်း မောင်းထု၍ သယ်ဆောင်လေ့ရှိသည်။ အကယ်၍တံခွန်တိုင်မှာ တောင်ပေါ်တွင်ရှိနေပါက နွယ်ကိုကြိုးကျစ်သူကကျစ်ကာ ယင်းနွယ်ကြိုးများဖြင့် တောင်ခြေအရောက် ဆွဲယူချကြရပြီး သတ်မှတ်ထားသည့် စခန်းသို့ ရောက်ရှိသည့်တိုင်အောင် အထက်ပါအတိုင်းပင် ထမ်းပိုးသယ်

ဆောင်ကြရသည်။ထိုသို့သယ်ယူလာချိန်တွင် တံခွန်တိုင်နတ်ဆရာက တံခွန်တိုင်သစ်လုံးပေါ်၌စီး၍လိုက်ရသည်။

ထို့နောက်ရပ်နားရန်သတ်မှတ်ထားသော စခန်းသို့ ရောက်ရှိသည့်အခါတံခွန်တိုင်ကို မြေပေါ်သို့ခေတ္တချထားပြီး ၎င်းတို့နေအိမ်အသီးသီးမှ ချက်ပြုတ်၍ ယူဆောင်လာကြသော ထမင်းဟင်းများ ခေါင်ရည်များကို အသင့်စောင့်ကြိုနေသော အမျိုးသမီးများနှင့် အတူတကွ တပျော်တပါးကြီးစားသောက်ကြသည်။ အခြားရွာနီးချုပ်စပ်မှ မိတ်ဆွေများက တံခွန်တိုင်ကိုဝင်ရောက်ကူညီထမ်းပိုးပေးကြသည့်အတွက် ထိုသူများကိုလည်း ထမင်းဟင်းများနှင့်ခေါင်ရည် များကိုတိုက်ကျွေးကြရသည်။

ယင်းနောက်ရပ်နားသည့်စခန်းမှ တစ်ဖန်တံခွန်တိုင်ကို မိမိတို့ရွာ၌ တံခွန်တိုင်စိုက်ထူရန် သတ်မှတ်ထားသော နေရာသို့ဆက်လက်ထမ်းပိုးသွားကြပြန်သည်။ တံခွန်တိုင်ပွဲတော်ကျင်းပသည့် နေရာများကိုများသောအားဖြင့် ရွာအဝင်ဝရှိ ကုန်းမြင့် သို့မဟုတ် ရွာထိပ်ကိုရွေးချယ်မှုပြုကြသည်။ တံခွန်တိုင်နယ်မြေများမှာ ကာရံထားခြင်းမရှိဘဲ တံခွန်တိုင်များပတ်လည်ဝိုင်း၍ စိုက်ထူထားခြင်း ဖြစ်သည်။ သီးသန့်ထားသည့်နေရာသို့ ရောက်သောအခါ တံခွန်တိုင်လုပ်မည့်သစ်လုံးကိုညင်သာစွာချကြရသည်။ထိုသို့ချရာ၌ တံခွန်တိုင် ထိပ်ပိုင်းကို ညင်သာစွာချကြရသည်။ ထိုသို့ချရာ၌ တံခွန်တိုင် ထိပ်ပိုင်းကိုမြေကြီးနှင့်မထိစေရန် အထူးဂရုစိုက်ရသည့်အတိုင်း တိုင်ထိပ်ပိုင်းကို

သစ်သားတုံးတစ်ခုပေါ်တွင် မြေမကျစေရန်တင် ထား၍ထားကြခြင်း ဖြစ်သည်။

ထိုသို့ချထားပြီးသောအခါ ရွာတွင်အသင့်စောင့်နေကြသော အမျိုးသမီးကြီးငယ်များက ရေတကောင်းများတွင် သပြေပန်းများ စိုက်ကာယူလာကြပြီး သပြေခက်များဖြင့်အဆိုပါတိုင်ကို ပက်ဖြန်းကြရသည်။ ထို့နောက်တံခွန်တိုင်အသစ်နှင့် အဟောင်းတို့ကို ရေသွန်းလောင်းပေးကြပြီး အချင်းချင်းလည်း တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ရေပက်ကစားကြသည်။ တံခွန်တိုင်မစိုက်မီ မြေပေါ်သို့ ချထားစဉ် ယင်းတံခွန်တိုင်အနီးသို့ အမျိုးသမီးများမကပ်ရချေ။ ခွေးများဖြတ် ကျော်မသွားစေရန်လည်း နေ့ရောညပါ စောင့်ရှောက်ကြရသည်။ အဖိုတိုင်ဖြစ်လျှင် ၂၅ ပေမှအများဆုံး ၄၅ ပေ အထိရှည်လျား၍ အမတိုင်မှာ ၁၂ ပေခန့် ရှည်လျားသည်ဟုသိရသည်။

ထိုရက်များအတွင်းကို ရှစ်မြှောင့် သို့မဟုတ် ခြောက်မြှောင့် ဖြစ်အောင် ပြုလုပ်ကြရသည်။ တံခွန်တိုင်တွင်တပ်ဆင်ရန်အတွက်လည်း ထီး၊ ကြက်လျှာနှင့်တံခွန်တိုင်များစသည်တို့ကိုသုံးရက်အတွင်းအပြီး ရက်ကြရသည်။ ရွာရှိအိမ်တိုင်းမှ တစ်အိမ်လျှင် ချည်ငါးကျပ်သားခန့် ကောက်ခံပြီး ကြက်လျှာများကို ရှေးယခင်က အပျိုစစ်အမျိုးသမီးများက ရက်လုပ်ကြသည်။ ယခုခေတ်တွင်မူ မည်သည့်အမျိုးသမီးမဆို ရက်လုပ်နိုင်ကြသည်ဟုဆိုသည်။

တံခွန်တိုင်မစိုက်ထူမီ တစ်ရက်မှစ၍ ဝက်များကိုသတ်ဖြတ်ပြီး တံခွန်တိုင်စိုက်ထူပြီးသည့်နေ့ညအထိ ဧည့်သည်များအား ကျွေးမွေးဧည့်ခံကြသည်။ အိမ်တိုင်းစေ့တတ်အားသရွေ့ ဝက်များကို သတ်ကာ လာသမျှဧည့်သည်များကို ထမင်း၊ ဝက်သားဟင်းများဖြင့် ကျွေးမွေးကြ၍ ဆွေမျိုးသားချင်းမိတ်ဆွေများကိုလည်း ခေါင်ရည်အိုးငယ်တစ်အိုးစီနှင့် ဝက်သားအနည်းဆုံး သုံးတုံးစီပို့ပေးလေ့ရှိကြသည်။

ထို့နောက် နောက်တစ်နေ့နံနက် ၆ နာရီတွင် တံခွန်တိုင်ကို စိုက်ထူကြသည်။ ထိုအချိန်တွင် အမျိုးသမီးများက တံခွန်တိုင်ကို ရေဘူးထဲမှ ရေကိုသပြေခက်များဖြင့် ပက်ဖျန်း၍ရေသွန်းလောင်းကြသည်။ တံခွန်တိုင်ကိုဝိုင်း၍ ကသောအကတွင် အမျိုးသမီးများပါဝင်ဆင်နွှဲခြင်း မပြုရချေ။ ရေဗူးကိုယ်စီ ယူဆောင်လာကြသော တံခွန်တိုင်ပွဲကိုဘေးမှ ထိုင်ကြည့်နေကြသည့် ပရိသတ်ကလည်း အချင်းချင်း ပက်ဖျန်းကြသလို တံခွန်တိုင်အသစ်နှင့်အဟောင်းတို့ကိုလည်း ရေပက်ဖျန်းကြသည်။

တံခွန်တိုင် ခုတ်လာသည့် နေ့ရက်မှစ၍ တံခွန်တိုင်ထူသည့်နေ့ရက်အထိ သုံးရက်တာကာလအတွင်း ကယားတိုင်းရင်းသားတို့သည် ရွာရှိတံခွန်တိုင်ထူသည့် အဆက်အနွယ်များ၏အိမ်တို့ကို အတီး အမှုတ်များတီးကာ လက်ယာရစ်လှည့်ပတ်ကြသည်။ နောက်တစ်နေ့ နံနက်တွင်ရေနတ်စာကျွေး၍မိုးခေါ်ကြသည်။ ယောက်ျားလေးများက တစ်အိမ်တစ်ယောက်စီစုပြီး ခြံစောင်

အနီတစ်ထည်၊ ပေါက်ပေါက်၊ သပြေရွက်၊ ဝါးကြက်လျှာ၊ စက္ကူကြက်လျှာ၊ ခေါင်ရည်၊ ငှက်ပျောသီး များယူဆောင်လာ၍ အတီးအမှုတ်များဖြင့် နတ်ပူဇော်ရန်ထွက်ကြသည်။ ငှက်ပျောသီး၊ ပေါက်ပေါက်၊ သပြေခက်၊ နှီးဖြင့်ထိုးထားသည့် ဝက်သားတုံး၊ ဝါးဘူးငယ်ဖြင့်ထည့်ထားသောခေါင်ရည်တို့ကိုစိုက်ကာ နတ်စာကျွေးပြီးနောက် တံခွန်တိုင်ပွဲပြုလုပ်မှုကို အဆုံးသတ်ကြလေ့ ရှိသည်။

## ကရင်ရိုးရာ မီးပုံပူဇော်ပွဲ

### တလဂုဏ်၏ အဓိပ္ပါယ်

ကရင်ရိုးရာမီးပုံပူဇော်ပွဲ (သို့မဟုတ်) တလဂုဏ်တို့၏ မီးပုံပူဇော်ပွဲသည် တလဂုဏ်ဘာသာဝင်များ၏ မီးပုံပူဇော်ပွဲဖြစ်သည်။ ‘တလဂုဏ်’သည် ပိုးကရင်ဘာသာ အသံထွက်ဖြစ်၍ စကောကရင်ဘာသာအသံထွက်မှာမူ ‘တလာကူ’ ဖြစ်သည်။ အဓိပ္ပါယ်မှာ တလာ= ပိုင်ရှင်၊ ဂုဏ်= ကျေးဇူးတရား ဖြစ်သောကြောင့် တလဂုဏ်၏အဓိပ္ပါယ်မှာ ကျေးဇူးရှင်ဖြစ်သည်။ တနည်းအားဖြင့် ကျေးဇူးရှင်ရသေ့ကြီးကို ဂါရဝပြုသောဂိုဏ်းဖြစ်သည်။ ၎င်းအပြင် ရသေ့ဗုဒ္ဓဘာသာကရင်များ၊ ရသေ့ဗုဒ္ဓဘာသာဂိုဏ်း၊ ရသေ့ဂိုဏ်း၊ ရသေ့ကရင်ဟူ၍အမျိုးမျိုးအဓိပ္ပါယ်ကောက်ပြီး၊ ‘တလဂုဏ်ဂိုဏ်း’၊ ‘တလဂုဏ်

ဘာသာဝင်’၊ ‘တလဂုဏ်ဂိုဏ်းမျိုးနွယ်စု’စသည်ဖြင့် သုံးနှုန်းခေါ်ဝေါ်ကြသည်။ တလာခုံးဟူ၍လည်းခေါ်ဝေါ်ကြသည်။

**တလဂုဏ်အစ ဖူ့စောယော်က**

မြန်မာသက္ကရာဇ် (၁၁၁၀) ခုနှစ်ခန့်က ဒေါနတောင်တန်းအရှေ့ဘက် ဟောင်သရောချောင်းဖျား လိုင်ခိုးနှင့် ထီးမော်ဒေသတို့တွင် တလဂုဏ်အမည်ခံယူသော ဘာသာရေးဂိုဏ်း တစ်ဂိုဏ်းပေါ်ထွန်းခဲ့သည်။ တလဂုဏ်ဂိုဏ်းကို စတင်ထူထောင်သောပုဂ္ဂိုလ်မှာ ရသေ့ကြီး ဖူ့စောယော်(ခေါ်) ဖူ့စွန်းယို့ ဖြစ်သည်။ ဖူ့စောယော်သည် ညောင်ရမ်းမင်းဆက် နောက်ဆုံးဘုရင်ဖြစ်သော မဟာဓမ္မရာဇာဓိပတိလက်ထက်၌ အင်းဝဘက်ရှိထီးမော်နှင့် လိုင်ခိုးရွာများတွင် သီတင်းသုံး၍ သာသနာပြုသည်။ ဒေါနတောင်အရှေ့ဘက်ရှိထီးမော်နှင့်လိုင်ခိုး ဒေသတစ်ဝိုက်တွင် နေထိုင်ကြသောကရင်တိုင်းရင်းသားများသည် ထိုအချိန်ကယစ်ပူဇော်ခြင်းကိုသာ ၎င်းတို့၏မိရိုးဖလာကိုးကွယ်မှုပြုကြလေသည်။ ထိုသို့ တိရစ္ဆာန်တို့၏ အသွေးအသားဖြင့် ယစ်ပူဇော်နေခြင်းကို အသီးအပွင့်များဖြင့် လဲလှယ်ပူဇော်လာအောင်ကြိုးစားခဲ့သည်။စင်စစ်တလဂုဏ် ဘာသာဝင်ဆိုသည်မှာ နတ်ကိုးကွယ်ရာမှဗုဒ္ဓဘာသာကို သက်ဝင်ယုံ ကြည်၍ ဘာသာအယူဝါဒပြောင်းလဲကိုးကွယ်သူများဖြစ်ကြသည်။ မြန်မာသက္ကရာဇ်(၁၁၈၇)ခုနှစ်တွင် ရသေ့ကြီးဖူ့စောယော်၏ တပည့်ဘိုးတော်သောကြာသည် ကျုံဒိုးရွာအနောက်ဘက် သချိုင်းကုန်းတွင်နေထိုင်ပြီးအနီးအနားရှိ နတ်စားကရင်တို့အား နတ်စားဘဝမှချွတ်၍ ဗုဒ္ဓအယူဝါဒကိုဖြန့်ချီသည်။ တလဂုဏ် ရသေ့ဗုဒ္ဓဘာသာဂိုဏ်းကိုထူထောင်သည်။ တလဂုဏ်ဘာသာဝင်တို့သည် လောကီရေးဆိုင်ရာကျင့်ဝတ်နှင့်လောကုတ္တရာရေးဆိုင်ရာဓမ္မတို့ကို ဖူးရသေ့ကြီးများ၏

ညွှန်ပြသည့် သြဝါဒအတိုင်းမတိမ်းမစောင်း မပြောင်းမလဲလိုက်နာ စောင့်ထိန်းသူများဖြစ်ကြသည်။

## တလဂုဏ်တို့၏ အခါကြီးရက်ကြီးများ

တလဂုဏ်ဘာသာဝင်တို့သည် ဗုဒ္ဓအယူဝါဒကို ခံယူကိုးကွယ်ကြသော်လည်း အခါကြီးရက်ကြီးများကို ကျင်းပရာ၌ ဗုဒ္ဓဘာသာတို့ထက် တစ်လစော၍ ပြုလုပ်ကျင်းပကြသည်။ တလဂုဏ်တို့သည် ဗုဒ္ဓဘာသာကိုနောက်မှ ကိုးကွယ်ကြသူများဖြစ်သဖြင့် ဗုဒ္ဓဘာသာဝင်တို့ထက်ဦးစေရန် တစ်လကြိုတင်သတ်မှတ်ပြုလုပ်ခြင်းဖြစ်သည်ဟု ရှေးတလဂုဏ်ခေါင်းဆောင်တို့၏ စကားအရသိရှိရသည်။ ဝါဝင်ပွဲကို နယုန်လပြည့်နေ့တွင်လည်းကောင်း၊ ဝါကျွတ်ပွဲကို တော်သလင်းလပြည့်နေ့တွင်လည်းကောင်း၊ မီးပုံပူဇော်ပွဲကိုတပို့တွဲလပြည့်နေ့တွင်လည်းကောင်း၊ နှစ်ကူးခြင်းကိုတပေါင်းလပြည့်နေ့တွင်လည်းကောင်း ပြုလုပ်ကျင်းပကြသည်။

## တလဂုဏ်တို့၏ မီးပုံပူဇော်ပွဲ

တလဂုဏ်ဘာသာဝင်များနေထိုင်သော ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်တွင် ကျုံဒိုးရွာကြီးကိုဗဟိုထား၍ နှစ်စဉ် မီးပုံပွဲကြီးကို စဉ်လာမပျက်ကျင်းပလာခဲ့ကြသည်။ မြတ်စွာဘုရားသက်တော်ထင် ရှားရှိစဉ်က အအေးပိုကဲသော တပို့တွဲလတွင် ဖဝါးတော်၊ လက်တော်၊ မီးကင်တော်မူခဲ့ရသော ဒုကုဋ် သင်္ကန်း ခြုံတော်မူခြင်းကိုအကြောင်းပြု၍ မီးလှူတ်၊ မီးတင်၊ မီးရှို့ပူဇော်ခြင်းကို ပြုလုပ်ခဲ့ကြသည်။ ဤသည် ကိုရည်ရွယ်လျက် တလဂုဏ်ဘာသာဝင်တို့က နှစ်စဉ်တပို့တွဲလပြည့် နေ့တွင်မီးပုံပွဲကြီးကို ပြုလုပ်ကျင်းပကြသည်။





## မီးပုံပွဲအတွက်ပြင်ဆင်မှု

မီးပုံပူဇော်ပွဲတွင် မီးစည်းတိုင်များစိုက်ထူနိုင်ရန် ပင်မမီးပုံတိုင်ကြီး(၅)တိုင် (အလယ်ဗဟို (မကိုင်း) တိုင်တစ်တိုင်နှင့် ဘေးတိုင်(အရံတိုင်)လေးတိုင်)ကို ဦးစွာရှာဖွေ ခုတ်ယူရသည်။ ၎င်းအပြင် ထိုပင်မမီးပုံတိုင်ကြီးများကို အတန်းသုံးတန်းဖြင့်ချုပ်ပြီး ချည်နိုင်ရန် ဂလန့်(ကန့်လန့်) (၆)ချောင်းကိုလည်းတစ်ပြိုင်တည်းခုတ်ယူရသည်။ အလယ်ပင်မ မီးတိုင်ကြီးသည်ပင် ခြေရင်းလုံးပတ်သုံးထွာဆိုင်နှင့် အရှည်(၂၅)တောင်၊ ဘေးတိုင်(၄)တိုင်နှင့် ကန့်လန့်တန်း(၆)ချောင်းကို ခြေရင်းလုံးပတ် နှစ်ထွာဆိုင်နှင့် အရှည်(၂၂) တောင်ပြည့်ရသည်။ ထိုမီးပုံတိုင် ကြီးများကို ပြာသိုလဆန်းရက်ရာဇာ ကျရောက်သည့် နေ့တစ်နေ့ နံနက်ပိုင်းတွင် အပြီးခုတ်ယူ ပြင်ဆင်ရသည်။ ထိုမီးပုံတိုင်များ ခုတ်ယူရေးလုပ်ငန်းသည် မီးပုံပူဇော်ပွဲ၏လုပ်ငန်း အစဖြစ်သဖြင့် ချောမောအောင်မြင်ရေးအတွက် ကော်ခိုး (လောကီလူမှုရေးခေါင်းဆောင်၊ ဗူခိုး(လောကုတ္တရာရေး ခေါင်းဆောင်) များက ဦးဆောင်၍ သစ္စာမဏ္ဍိုင်စေတီတော်ကို ဖူးမျှော်ကန်တော့ကာ ရွက်ဖတ်သရဖျှာယ်ဆု တောင်းပြီး သစ်တောထဲသို့ သွားရောက်ကြသည်။ လုံးပတ်အရှည် ကိုက်ညီသော အင်ပင်ကို ကော်ခိုး၊ ဗူခိုးများကရွေးချယ်ပေးပြီး ခုတ်လှဲ၍ အကိုင်းအခက်ရှင်းလင်း အခွံခွာအချောသပ်ပြီး ချက်ချင်း သယ်ယူကာ မီးပုံပူဇော်ပွဲကျင်းပရန် ကွင်းအနီးတွင် အနည်းဆုံးတစ်လကြာ နေလှန်းထားရသည်။

၎င်းအပြင် ပြာသိုလပြည့်နေ့မှစ၍ တစ်လခန့် အချိန်ယူပြီး မီးပုံပူဇော်ပွဲနှင့် သက်ဆိုင်သောလုပ်ငန်းများကို စတင်လုပ်ကိုင်ကြသည်-

(၁) တမို့(ခေါ်) အဌမုဒ်ဂြိုလ်ခွင် ပူဇော်နိုင်ရန် ပစ္စည်းများ စုဆောင်းပြုလုပ်ခြင်း။

(၂) ထီး၊ တံခွန်၊ ကုက္ကားများ၊ ကြက်လျှာများရက်ခြင်း၊ ပြင်ဆင်ခြင်း။

(၃) ဝါးဘူးများ ဆွမ်းတော်ချက်ရေး၊ ဆွမ်းတော်ကပ်လှူရေးလုပ်ငန်းများ(တဝါးဘူး= ဆွမ်းချက်၊ လှူဒါန်းမှုများအတွက်လုပ်ကိုင်ရသောလူငယ်အမျိုး သားများ)

(၄) အဌမမုဒ်နှင့် ပူဇော်ရာဌာနအသီးသီးတို့တွင် ဆွမ်းရေချမ်း၊ ဆီမီးတင်လှူနိုင်ရန် စင်များဆောက်လုပ်ခြင်း၊ ပစ္စည်းများ စုဆောင်းခြင်း။

(က) တမို့(ခေါ်) အဌမုဒ်ဂြိုလ်ခွင်စင်များ

(ခ) ဘုရားစင်

(ဂ) ဂြိုလ်(၈) ခွင်စင်

(ဃ) နတ်ဒေဝါ(၆၃) ပါးစင်

(င) တမို့မူး(ခေါ်) အမျိုးသမီးများသီးခြား ဆွမ်းတော်တင်စင်

(စ) တမို့ခွား(ခေါ်) အမျိုးသားများ အထူးဂြိုလ်(၈)ခွင် ဆွမ်းတော်တင်စင်

(ဆ) တမို့ပလူး(ခေါ်) ကွယ်လွန်သူများ အတွက်စွန့်ကြဲရန်ဌာနစင်

(ဇ)သစ်တရေး(ခေါ်)သရဲသဘက်များအတွက်စွန့်ကြဲရန်ဌာနစင်

(၅) ဘုရားစေတီ၊ ပုထိုးသန့်ရှင်းရေး၊ ထုံးသင်္ကန်းကပ်လှူခြင်း၊ မီးပုံးပူဇော်ရာနေရာသန့်ရှင်းရေး။

## ပင်မမီးပုံတိုင်များစိုက်ထူခြင်း

ပင်မမီးပုံတိုင်များကို တပိုတွဲလဆန်း(၈)ရက်နေ့ နောက်ဆုံးထား၍ စိုက်ထူရသည်။ တပိုတွဲလဆန်း(၈) ရက်နေ့သည် ပြဿဒါးရက်ဖြစ်ပါက ရက်ရာဇာကျရောက်သည့် တစ်ရက်ရက် လဆန်း(၇၊၆၊၅)ရက်၌ ကြိုတင်၍စိုက်ထူရသည်။ ရက်ရာဇာနေ့နံနက်ချိန် ကော်ခိုး ၊ ဗူခိုးတို့ ဦးဆောင်ပြီး မီးပုံတိုင်စိုက်ထူကြမည့် အကြီးအကဲများလိုက်ပါ၍ ဦးစွာတလအေမို့ (သစ္စာမဏ္ဍိုင်)စေတီကို ပူဇော်ရသည်။ ရွတ်ဖတ်သရစ္ဈယ်ဆုတောင်းကြသည်။ ဆရာတော်က ပင်မမီးပုံ တိုင်များကို အမွေးနံ့သာပက်ဖျန်းပြီး ကော်ခိုးနှင့်ဗူခိုးအကြီးအကဲများက အမွေးနံ့သာဖြင့် ဆက်လက် ပက်ဖျန်းကြသည်။

ထို့နောက် ဦးစွာ(၂၅)တောင်ရှည်သော ပင်မမီးပုံတိုင်ကြီးကို စိုက်ထူရသည်။ နောက်မှ ဘေးတိုင် (အရံတိုင်)ကို အရှေ့အရပ်၊ တောင်အရပ်၊ အနောက်အရပ်၊မြောက်အရပ်များတွင် လက်ယာရစ်လျက် အစဉ်အတိုင်း စိုက်ထူကြရသည်။ ပင်မမီးပုံတိုင်ကြီးနှင့် ဘေးတိုင်များတို့သည် တစ်တိုင်နှင့်တစ်တိုင် (၇)တောင် အကွာအဝေးရှိရသည်။ ကန့်လန့်(၃)ဆင့်တွင် မြေမြှုပ် နှစ်တောင်၊ မြေပြင်မှ ပထမဆင့်(၂) တောင်၊ ပထမဆင့် မှ ဒုတိယဆင့် (၁)တောင်ထွာနှင့် ဒုတိယဆင့်မှ တတိယဆင့်ထိ တစ်တောင်ထွာစီ အကွာအဝေးရှိရသည်။ ပင်မမီးပုံတိုင် စတင်စိုက်ထူသောအခါ၌ တဝါးဘူးတို့က ကျွဲချို၊ ဖားစည်၊ မောင်း၊ လင်းကွင်းများ တီးမှုတ်ပူဇော်ပြီး ဒုံးအဖွဲ့များကလည်း ဒုံးအကများ၊ ဒုံးတေးသီချင်းများ၊ ယာထညား(ခေါ်) ဆုတောင်း ပတ္ထနာတေးသီချင်းတို့ဖြင့် အသီးသီးဆိုကြပြ ပူဇော်ကြကာ တပျော် တပါးစိုက်ထူကြသည်။

## မီးစည်းတိုင်များခုတ်ယူခြင်း

ပင်မမီးပုံတိုင်ကြီးများကို ခုတ်ယူပြီးနောက် လဆန်းရက် ပြဿဒါးလွတ်သောနေ့များတွင် ရွာသူရွာသား များသည် မီးစည်းတိုင်များကို တပျော်တပါးခုတ်ယူကြသည်။ မီးစည်းတိုင်များအတွက် သက်ရင်းပင် (သို့) သျှိသျှားပင်ကိုအဓိကထားခုတ်ယူကြသည်။ အရေးကြီးသည်မှာ မီးစည်းတိုင်သည် မိမိအရပ်ထက်ရှည်နေရမည်။ မိမိနှစ်သက်သော အပင်ငယ်များကို ခုတ်ယူပြီး အကိုင်းအခက်များ ရှင်းလင်း၍ ထိပ်ဖျားတွင်အရွက်အနည်းငယ်ချန်ထားရသည်။





အိမ်ရောက်လျှင်အမွှေးနံ့သာ နန္ဒင်းတို့ကိုလိမ်းကျံ၍ ခြောက်သွေ့အောင် စနစ်တကျ နေလှမ်းထားရသည်။ မီးစည်းတိုင်များကို သက်စေ့နှင့် သက်ဆက်သဘော အပိုတစ်ချောင်းထား၍ စည်းနှောင်ခြင်း၊ လူပျိုအပျိုတို့က သစ်ပင်ငယ် နှစ်ချောင်းစည်းနှောင်၍လည်းကောင်း၊ ဘုရား၊ တရား၊ သံဃာ ရည်စူး၍လည်းကောင်း၊ အနန္တော၊ အနန္တငါးပါး၊ ဇနီး မောင်နှံစုံတွဲ စသည်တို့ကိုရည်ညွှန်း၍ တစ်ချောင်း၊ နှစ်ချောင်း၊ သုံးချောင်းတွဲမှ အများဆုံးအချောင်း (၅၀)ထိ စည်းနှောင်ပူဇော်ကြသည်။ အချို့ကလည်း ဆံကေသာနူးညံ့ကောင်းမွန်ရေးကို ရည်စူးဓိဋ္ဌာန်ကာ ကိုင်းပင်၊ သက်ငယ်ပင် များကို စည်းနှောင် ပူဇော်ကြသည်။ မီးစည်းတိုင်ကို အခိုင်အခန့် သုံးဆင့် စည်းနှောင်ကြရသည်။ မီးစည်းတိုင်တို့တွင် ဆုတောင်းစာများကိုလည်း တွဲလောင်းချိတ်ဆွဲ ထားကြသည်။ မီးစည်းတိုင်များ

စိုက်ထူပူဇော်ရန် တပို့တွဲလဆန်း(၈)ရက်နေ့မှ (၁၄) ရက်နေ့ညနေ ပိုင်းအထိ အချိန်ရသလိုလာရောက် စိုက်ထူပူဇော် ကြသည်။

**ပူဇော်ရာဌာန(၁၁)ဌာန**

မီးပုံပူဇော်ပွဲတွင် ပူဇော်ရာဌာန(၁၁)ခုကို ပွဲတော်ရက်အတွင်း ပူဇော်ကြရသည်။ ထိုသို့ပူဇော်ရာတွင် နံနက်ပိုင်းတွင် ဆွမ်းတော်၊ ရေချမ်း ၊ ပျားဖယောင်းတို့ဖြင့်လည်းကောင်း ၊ ညနေပိုင်းတွင် ပန်းကတော့၊ ပျားဖယောင်းတို့ဖြင့်လည်းကောင်း၊ သတ်မှတ်ထား သော အရေအတွက်အတိုင်း ကော်ခိုး ဗူခိုးတို့ဦးဆောင်ကာပူဇော် ကြရသည်။ ပူဇော်ရာနေရာဌာန(၁၁)ခုမှာ-

(၁) တလအေမို့(ခေါ်) သစ္စာမဏ္ဍိုင်စေတီ (ကျောက်ပုံ၊အရိုးကူ စေတီ သုံးဆူ)

(၂) စူဠာမုနိစေတီတော်

(၃) ဂြိုလ်ခွင်ပူဇော်ခြင်း (ဘုရားစင်၊ တရားစင်၊သံဃာစင်၊ ဂြိုလ် (၈)ခွင်၊ နတ်ဒေဝါ(၆၃)ပါး)

(၄) ဓာတ်တော်စေတီ(၃)ဆူ

(၅) ရှင်သီဝလိမထေရ်ရုပ်ထု

(၆) ဩသရဲအန္တရာယ်ကင်းစေတီ (နောင်တော်ကြီးစေတီ၊ ညောင် စောင့်ဘိုးဘိုးကြီး)

(၇) တမို့ခွား(ခေါ်)အမျိုးသားစင်၊ တမို့ခွား(ခေါ်)အမျိုးသမီးစင် ကိုမူ ပူဇော်ခြင်းမပြု၊ တင်လှူခြင်းသာ

(၈) တမို့ပလူး(ခေါ်)ကွယ်လွန်သူများနေရာ

(၉) မီးပုံတိုင်ကြီး(ဂြိုလ်ခွင်ရှစ်မျက်နှာ)

(၁၀) ဂန္ဓကုဋီတိုက် မဟာမြတ်မုနိ

(၁၁) ရသေ့ကျောင်းဘုရားကိုးဆူ

အထက်ပါ(၁၁)ဌာနကို ပွဲတော်ရက်အတွင်း(၆)ကြိမ်ပူဇော်ရသည်။

(၁) တပို့တွဲလဆန်း(၁၂)ရက်နေ့ (ညနေပိုင်း)

(၂) တပို့တွဲလဆန်း(၁၃)ရက်နေ့ နံနက်ပိုင်း(အာရုဏ်တက်ချိန်)

(၃) တပို့တွဲလဆန်း(၁၃)ရက်နေ့ (ညနေပိုင်း)

(၄) တပို့တွဲလဆန်း(၁၄)ရက်နေ့ နံနက်ပိုင်း(အာရုဏ်တက်ချိန်)

(၅) တပို့တွဲလဆန်း(၁၄)ရက်နေ့ (ညနေပိုင်း)

(၆) တပို့တွဲလဆန်း(၁၅)ရက်နေ့ (လပြည့်နေ့)နံနက်ပိုင်း

တင်လှူရသောအရာအားလုံးသည် သက်သတ်လွတ်၊ အသွေးအသား လုံးဝမပါရှိချေ။

## ရှို့တင်ပူဇော် မီးအလှူတော်

မီးပုံတိုင်(ပင်မ)နှင့် အရံဘေး(၄)တိုင်တို့၏ထိပ်ဖျားတွင် နှီးတံ နှီးပြားတို့ဖြင့် သပ်ရပ်စွာရက်လုပ်ထားသောထီးတော်များကို ဝါးချော တစ်ချောင်းဖြင့် ချည်နှောင်စိုက်ထူထားသည်။ ထိုထီးတော်တို့သည် ဘုံဝန်း(၇)ဆင့်ရှိပြီး အောက်တွင် သစ်သားညောင်ရွက် (၉)ရွက်စီချိတ် ဆွဲထားသည်။

တပို့တွဲလပြည့်နေ့နံနက်(၄)နာရီတွင် ကျောင်းထိုင်ဆရာတော်အား သွားရောက်ပင့်ဆောင်သည်။ ဆရာတော်သည် မီးပုံတိုင်ကြီး၏ မြောက်ဘက် သတ်မှတ်နေရာတွင် မတ်တပ်နေရာယူပြီး ပရိသတ်

တို့က မီးပုံတိုင်ကြီးပတ်လည်တွင် ထိုင်ပြီးနေရာယူကြသည်။ ဆရာတော်ကဆီးမီးပူဇော်ခြင်း၊ ဆုတောင်းခြင်းတို့ကို ဦးဆောင်တိုင်ပေး၍ ပရိတ်သတ်က လိုက်ဆိုကြသည်။ ထို့နောက် အမျှပေးဝေပြီး သာဓု (၃) ကြိမ် ပြိုင်တူရွက်ဆိုကြသည်။

ထိုသို့ပူဇော်အမျှပေးဝေပြီးနောက် ဆရာတော်ကြီးက အသင့်ထွန်းညှိထားသော ပျားဖယောင်းတိုင်ကြီးကို ကိုင်ယူ၍ သက်ကယ်စည်းဖြင့် ပြုလုပ်ထားသောမီးစည်းကို ထွန်းညှိကူးယူလေသည်။ မီးတောက်လျှင် ပရိသတ်တို့က ကိုင်းစည်းကိုမီးကူးပြီး မီးရှို့တင်လှူပူဇော်ကြသည်။

မီးလောင်ကျွမ်းသောအချိန်တွင် မီးတောက် ၊ မီးညွန့်တောက်လောင်မှုအခြေအနေ၊ မီးမြူးသောအခြေနေကိုကြည့်၍အတိတ်နိမိတ်ဖတ်ကြသည်။ ရာသီဥတု ကောင်းမည်/ဆိုးမည်၊ ကောက်ပဲသီးနှံပေါမည်/ဆုတ်ယုတ်မည်၊ ရောဂါဘယထူပြောမည်/ သက်သာမည်စသည်ဖြင့် အတွေ့အကြုံရှိသူ၊ ကျွမ်းကျင်သူများ၊ ကော်ခိုး၊ ဗူးခိုးလူကြီးများကအဟောထုတ်ကြသည်။ ပင်မမီးပုံထိပ်ပေါ်က ထီးတော်ကြီးနှင့် အရံတိုင်(၄)တိုင်မှထီးတော်များ မီးလောင်ပြုတ်ကျမြေခသော အခြေအနေကိုကြည့်ပြီး တိုင်းပြည်အေးချမ်းမည်၊ ဆိုးမည် ၊အကြီးအကဲများစန်းပွင့်မည်၊ ခေါင်းရှုပ်မည်၊ ပြည်သူပြည်သားများ တိုးတက်ချမ်းသာမည်၊ ဘေးအန္တရယ်တွေ့ကြုံနိုင်သည်စသည်ဖြင့် ဟောကိန်းထုတ်ကြသည်။

တပို့တွဲလပြည့်နေ့တွင် မီးပုံတိုင်ကြီးကို မီးတင်ရှို့ပြီးလျှင် မီးပုံပူဇော်ခြင်း ပြီးဆုံးသွားသည်။ မွန်းလွဲပိုင်းတွင် ငါးပါးသီလခံယူပြီး တရားတော်နာ အလှူတော်ရေစက်ချကြသည်။






## ချာဗန်းခုပ်(ChavangKut)-(ကောက်သစ်စားပွဲတော်)

Chavang Kut (ကောက်သစ်စားပွဲတော်)သည် ဥတုသုံးပါး နွေ၊ မိုး၊ ဆောင်း ရှိသည့်အနက် ဆောင်းကာလတွင် ကျင်းပလေ့ရှိပါသည်။ ဆောင်းရာသီကာလသည် တစ်နှစ်တာ၏ နောက်ဆုံးသော အချိန်ကာလဖြစ်သလို တောင်ယာ၊ လယ်ယာများမှ ကောက်ပဲသီးနှံများရိတ်သိမ်းစုဆောင်းသော အချိန်ကာလလည်းဖြစ်သည်။

ထို့ကြောင့် ရှေးဘိုးဘေးများသည် ၎င်းတို့၏ကောက်ပဲသီးနှံ ရိတ်သိမ်းစုဆောင်းပြီးသောအချိန်ဆောင်းရာသီကာလကို ကြိုက်နှစ်သက်ခြင်းနှင့်အတူ ပျော်ပွဲရွှင်ပွဲ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာ အရ ကျင်းပလေ့ရှိကြောင်းသိရှိရပါသည်။

## ဘိုးဘေးများ ချာဗန်းခုပ် (Chavang Kut) ပွဲတော် ကျင်းပပုံ ကျင်းပနည်းနှင့်အချိန်ကာလ

ရှေးဘိုးဘေးများသည် Chavang Kut ပွဲတော် ကျင်းပသော နေ့ရက်အချိန်ကာလများကို တိတိကျကျသတ်မှတ်ခဲ့ခြင်း မရှိခဲ့ကြပါ။ သို့သော်နယ်မြေဒေသအသီးသီးမှ လုပ်ငန်းပြီးစီးသောအချိန်ကာလကိုသုံးသပ်ကာ နှစ်ရက်၊ သုံးရက် ကျင်းပလေ့ရှိပါသည်။




ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်သည် ရိုးရာဓလေ့ ယဉ်ကျေးမှုပပျောက်မှုမရှိစေရန် ထိန်းသိမ်းဖေါ်ဆောင်ခြင်း၊ နောင်လာမည့် ခေတ်လူငယ်များ သိရှိနားလည်စေခြင်း၊ ထိန်းသိမ်းကာကွယ်လိုခြင်း၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၏ ရိုးရာဓလေ့ထုံးစံကို မျိုးဆက်သစ်များမှ စဉ်ဆက်မပြတ် ကျင်းပလိုခြင်းတို့ဖြစ်သည်။

(Chavang Kut) ပွဲတော် မကျင်းပမီ စော်ဘွားများ၊ သူကြီးများနှင့် ဒေသခံအကြီးအကဲများက နယ်မြေဒေသကိုလည်းကောင်း၊ ရပ်ရွာကျေးရွာများကိုလည်းကောင်း၊ ရေတွင်းရေကန် အရပ်ဘက်လေးမျက်နှာ၊ တောတောင်ရေမြေများကို ဘေးအန္တရာယ် မကျရောက်စေလိုခြင်းကြောင့် နတ်ပူဇော်ခြင်းများကိုပြုလုပ်လေ့ ရှိပါသည်။


e-pao.net


e-pao.net

ထို့နောက် အမှုပြဿနာများ၊ ရန်ညှိုးရန်ထားများ၊ လူမှုရေး မပြေလည်မှုများ၊ အမျိုးမျိုးသော ပြဿနာကြီးငယ်များကိုလည်း အပြီးအစီးပြုလုပ်ဆောင်ရွက်လေ့ရှိပါသည်။ ထို့ကြောင့် အရှုပ်အရှင်း မရှိ အေးချမ်းစွာ ကျင်းပရပါသည်။

Chavang Kut ပွဲတော် ကျင်းပမည့်နေ့ရက် ရောက်လာသော အခါတိုင်း အိမ်တိုင်းစေ့မှ မိမိ၏ရိပ်သိမ်းထားသော အဦးဆုံးသော အသီးအနှံများကို အသီးသီးယူဆောင်လျှက် စော်ဘွားသူကြီး၏ ကွက်ပျစ်ပေါ်သို့ တင်ထားကာ နတ်ဆရာမှ ပူဇော်ကန်တော့ပွဲ ပြုလုပ်ရပါသည်။

ထိုနည်းတူစွာ အိမ်ထောင်ရှင်မများမှလည်း မိမိတို့၏ ခေါင်ရည်အိုးများနှင့် မုန့်များကိုလည်း အသီးသီးယူဆောင်လျှက် ပျော်ပျော်ပါးပါး ပွဲတော်ကိုကျင်းပကြပါသည်။

ထိုပွဲတော်ကျင်းပသည့်နေ့ရက်များတွင် အပျို၊ လူပျို၊ လူငယ် မောင်မယ်များအားလုံး ရိုးရာခလေ့၊ ယဉ်ကျေးမှု၊ အားကစားနှင့် အကများ ပြုလုပ်လေ့ရှိပါသည်။



ယခုခေတ်နောက်ပိုင်းတွင် နိုင်ငံအနှံ့အပြား၊ ဒေသအနှံ့အပြားတွင်ပွဲတော်နေ့ရက်ကို တစ်ချိန်တည်း ကျင်းပနိုင် ရေးအတွက် အောက်တိုဘာလ(၃၁)ရက်နေ့နှင့် နိုဝင်ဘာ(၁)ရက်နေ့ များကို ပွဲတော်ကျင်းပသော နေ့ရက်များအဖြစ် သတ်မှတ်ကာပွဲတော် (Chavang Kut) ကို ကျင်းပလေ့ရှိပါသည်။ ချာဗန်းခုပ်(Chavang Kut)ပွဲတော်ကို ၁၈၈၃ခုနှစ်မှ စတင်၍ကျင်းပခဲ့ ကြသည်ဟုသိရှိရပါသည်။

# ချင်းတိုင်းရင်းသားတို့၏ ရိုးရာကျားအောင်ပွဲအကာ

ဟားခါးမြို့ ဈေးသစ်ရပ်ကွက်တွင် ဒေါ်ဇိန်တလိုင်းတို့မိသားစု နေထိုင်ကြသည်။ သူက ထန်တလန်မြို့နယ် လေတပ်ရွာသူဖြစ်သည်။ သူငယ်စဉ်က ကျားအောင်ပွဲအကများ ကြည့်ဖူးကြောင်းပြောပြသည်။ လေတပ်ရွာဟောင်း၌ အံ့ဩဖွယ်ကောင်းသော ရှာပန်းလိုင်အမည်ရှိ ရေတွင်းတစ်တွင်းရှိသည်။ လူသတ်သော သူတစ်ဦးက ရေတွင်း၌ လက်ဆေးလျှင် အပြစ်ကင်းသည်ဟု အယူအဆရှိသည်။ ထူးဆန်းသော ရာဇဝင်ရှိသည့် ထိုရေတွင်းအကြောင်းအား နောက်ထပ် ဆောင်းပါးအဖြစ် ရေးသားဖော်ပြပါမည်။ ကျားအောင်ပွဲ အကမှာ ထန်ထလန်မြို့နယ် လေတပ်ကျေးရွာအနီးနှင့် အချို့သောရွာများ၌သာ ကပြလေ့ရှိကြောင်း ၎င်းကပြောပြသည်။ စိတ်ဝင်စားဖွယ်ကောင်းသော ကျားအောင်ပွဲအကအား ဖော်ပြလိုပါသည်။ ယခု ဟားခါး-ဂန့်ဂေါလမ်းပေါ်တွင်ရှိ ဗိုခွားရွာသည် ယခင်ကမရှိသေးပေ။ လမ်း၏အောက် အင်မွှန်အရပ်၌နေခဲ့စဉ်က လုံပီး (Lungpi)မျိုးရိုးစု ထဲမှ လူတစ်ဦး၌ သမီးတစ်ဦးရှိခဲ့သည်။ သူသည် ဝက်သားစားရန် အတွက် တီလ်ထီ့(Tial thi) (ဝက်စာအသီး)များကို ကောက်ရန်ရွာပြင်သို့ ထွက်ခဲ့သည်။ ရွာအနီးနား၌ ထိုအပင်များသည် များပြားသောကြောင့် အဝေးသို့ပင်မသွားဘဲ ကောက်နေစဉ်

ကျားကြီးတစ်ကောင်ရောက်ရှိလာပြီး လုံမလေးကိုသတ်ပြီး ကျော ပေါ်တင်၍ ယူသွားသည်။

ကျားကိုက်သတ်ခံရကြောင်း ဖခင်သိသောအခါ လေးနှင့် သံချွန်တပ်သည့် မြား၊ လှံကို ယူသွား၍နောက်မှလိုက်၏။ ကျားကြီး ကို မီသဖြင့် တိတ်တဆိတ် နောက်မှလိုက်သွား၏။ ကျားကြီးသည် မြေပြန့်တစ်နေရာသို့ ရောက်သောအခါ လုံမလေး အလောင်းကို ထိုင်စေ၍ အောက်ပါအတိုင်း အလောင်းပတ်ပတ်လည် တွင် -

‘နှမြောလိုက်တာ၊ နှမြောလိုက်တာ

ချင်းလုံမလေးကို နှမြောလိုက်တာ

ဘာလုပ်ဖို့အသွားမှာ

တီလ်ထို့ကောက်ရန် အသွားမှာ

ကျွန်တော့်လက်ကတော့ မထိခဲ့ပါ

ချည်ဒလက်ကသာထိခဲ့

ဖော်ပိအေး ဖော်ပိအေး(ကျားအော်သံ)’

သီချင်းကိုဆိုခဲ့သည်။ လက်နှစ်ဖက် ဆန့်တန်းကာ ကရင်း အလောင်းကို ကိုးပတ်ပတ်၏။ယခင်ပတ်သည့်အတိုင်း ကိုးကြိမ် (၉×၉=၈၁ပတ်၊ ကိုးကြိမ် ကိုးကြိမ်) ပြန်ပတ်၏။ ထို ၈၁ ပတ် ပြည့်ပြီးသောအခါ အလောင်းကိုကျောပေါ်တင်၍ ထမ်းပိုးကာ ကောရ်ထားရပ်ကွက်၊ ဆပဲ့ ခေါ် ကျောက်တုံးကြီးနားတွင် လျှန်ဒါအို ဂူရှိ၏။ ထိုကဲ့သို့ အလောင်းကိုယူသွား၏။

ထိုလုံပီအမျိုးသားသည်လည်း ဂူရှိရာကျောက်ပေါ်သို့ရောက်ရှိလာသည်။ ကျောက်တုံးပေါ်တွင်ထိုင်၍လုံ၏ အဖျားတွင်သစ်ရွက်ကိုင်းငယ်တစ်ခုကိုကြိုးနှင့်ချည်ကာ ဂူဝတွင်လှုပ်စေ၏။





ထိုအခါ ကျားကြီးသည်မြင်၍ မည်သည့်အရာဖြစ်ကြောင်း သိလိုသောကြောင့် ဂူဝသို့ခေါင်းပြူထွက်လာ၏။ အပေါ်သို့ခေါင်းမော့၍ ကြည့်စဉ် လုံပီးအမျိုးသားက ကျား၏ပါးစပ်အတွင်း လှံဖြင့် တအားထိုးစိုက်ချသောကြောင့် ကျားကြီးသေဆုံးသွားသည်။ ကျားကြီးသေဆုံးပြီဖြစ်သဖြင့် သမီးလေး၏အလောင်းကို ကျောပေါ်တင်၍ အိမ်သို့ယူသွား၏။

ထို့နောက် ကျားကြီး၏အလောင်းကို ဂူမှသယ်ဆောင်၍ ကလဲ့စားချေသည့်အနေဖြင့် ကျားအောင်ပွဲကို ကျင်းပခဲ့သည်။ ကျားကြီးကသကဲ့သို့ လက်ကိုဆန့်တန်းကာ စင်ပေါ်တင်သည့် ကျားအလောင်းကို (၈၁)ကြိမ်ဖြင့်ပတ်၍ မိန်းမအဖွဲ့များခြံရံလျက် ကကြ၏။ ထို့နောက်ကျားကြီး၏အလောင်းကို လည်ပင်းမှဖြတ်၍ ယနေ့အခေါ် ဟမ်လန်းချောင်း၌ သွားရောက်မြှုပ်နှံ၏။ ဤသို့ဖြင့် ဘိုးဘွားစကားနှင့် သီချင်းများစာအုပ်(စီအေစီစီထုတ်စာအုပ်)တွင် ကျားအောင်ပွဲ ကျင်းပခြင်း ဗိုခွါးရွာမှ စတင်သည်ဟု အဆိုရှိသည်။

ကျားအောင်ပွဲစတင်ခြင်းနှင့်ပတ်သက်၍ သိက္ခာတော်ရဒေါက်တာမန်ဟုပ်က အောက်ပါအတိုင်းပြောကြားပြန်သည်။ ရွာတစ်ရွာ၌သမန်းကျားနှင့် လူသားရောနှော၍ နေထိုင်၏။ လူသားများကသမန်းကျားဖြစ်ကြောင်းမသိရှိကြပါ။ ထိုရွာ၌သမန်းကျားမန်ဟာအိုးနှင့်လှုပ၍ အလုပ်တွင်ကြိုးစားလုပ်ကိုင်သော အပျိုလေး သွမ်ဆုံတို့ရှိကြသည်။ သူမန်ဟာအိုးကို သဘောကျသောကြောင့် အစ်ကိုမောင်များက နှမလေးသွမ်ဆုံကိုပေးစား၏။

သွမ်ဆုံသည် မိမိယောက်ျားသည် သမန်းကျားဖြစ်ကြောင်း ရိပ်မိလာသောအခါ မိမိ၏မောင်တို့အား အကျိုးအကြောင်းကိုပြော ပြ၏။ မောင်တို့ကလည်း နှမပြောသောစကားကိုမယုံကြပေ။ ထိုအခါ သွမ်ဆုံက မောင်တို့အားစကားဆိုသည်။ နေ့ခင်းတွင် သူမသည် ကပြင်( Thing Thang )လူအများနားနေရာအတွက် ပျဉ်များကို အိမ်ရှေ့မျက်နှာစာနှင့် တဆက်တည်းခင်းထားသော ကွပ်ပျစ် ကျယ်ကျယ်ပေါ်တွင် ဂျပ်ခုပ်သောအခါ မိမိယောက်ျား မန်ဟာအိုးသည် မိမိအနား တွင်လာအိပ်မည်။ ထိုအခါ ပြင်အောက်မှ လာရောက် ချောင်းမြောင်း ကြည့်ရန် ပြောထားသည်။

နှမကလေးပြောသည့်အတိုင်း သွားရောက်ကြည့်ကြသော အခါကပြင်၊ ပျဉ်ကြား၏အောက်ဘက်တွင် မန်ဟာအိုးသည် အမြီးကို ချလျက် အိပ်သည်ကိုတွေ့ကြ၏။ နှမပြောသည့်အတိုင်း မှန်ကန် သိရှိသောအခါ မောင်တို့က မန်ဟာအိုးအား တိတ်တဆိတ် သတ်၍ ဦးခေါင်းကို ထရံ၌ ချိတ်ကပ်ထား၏။

သွမ်ဆုံ၏အိမ်မက်တွင် မန်ဟာအိုးသည် ပေါ်လာတတ်၍ ‘သွမ်ဆုံ ကျွန်တော့်ဦးခေါင်းကို နံရံတွင်မချိတ်ပါနှင့်။ သိပ်ပင်ပန်းပါ သည်။ ရွာတိုင်းတွင်ကရန်အတွက် သတ်မှတ်သည့် နေရာကိုယ်စီ ရှိကြသည့်ကွင်းတွင် ဦးခေါင်းကိုကိုင်ရင်း ကပွဲလုပ်ပေးပါ။ ထို့နောက် စမ်းရေအိုင်(Cerh)တွင် မြှုပ်ပေးပါ’ ဟုပြော၏။ မကြာခဏ ထိုအိပ်မက်ကိုမက်တတ်သောကြောင့် မိမိမောင်တို့ကို ပြောပြ၏။

ထိုအခါ မောင်တို့ကလည်း အိပ်မက်ပေးသည့်အတိုင်း အများစုစည်း အစည်းအဝေးပြုလုပ်သည့်နေရာ (Bual)တွင် ဦးခေါင်းကို အကဖြင့် ပြုလုပ်ပေးပြီး ညနေစောင်းတွင် စမ်းရေအိုင်သို့ မြှုပ်နှံ၏။ ထိုမှစ၍ ကျားအောင်ပွဲပြုလုပ်ခြင်း စတင်သည်ဟုဆိုသည်။

ဒေါက်တာရောဘတ်ရှန်လျှန်း ဆိုသူကလည်း ခေါင်းကို ကောင်းမွန်စွာ ထိန်းသိမ်းခြင်းကို ပြုလုပ်ခြင်းသည် အကြောင်းရှိ၏။ ရှေးရှေးတုန်းက လုံမလေးတစ်ဦးသည် ကျားအဖြစ်သို့ ပြောင်းလဲသွား၏။ ထိုကျားကို ပစ်သတ်သောအခါ ကျားကြီး၏ ရုပ်အလောင်း လက်တစ်ဖက်တွင် ငွေလက်ကောက် တစ်ကွင်းကို တွေ့ရှိရသောကြောင့်ဖြစ်သည်။

ဤပွဲစတင်ခြင်းနှင့်ပတ်သက်၍ ဦးဟရဲမန်းကရေးသားရာတွင် လေတပ်ရွာမျိုးဆက်(၁၃)မြောက်က မန်နှင်းတို့မိသားစုနွယ်ဖြစ်သော လျောန်ကျဲအိုအရိုးမျိုးစုမှ ကျားအောင်ပွဲကို စတင်ကြောင်းဆိုသည်။ လေတပ်ကျေးရွာတွင် အစ်ကိုမောင် ကိုးဦးရှိသော နှမလေးတစ်ဦးသည် ဂျပ်ခုတ်နေ၏။ ထိုအချိန်တွင်တောထဲမှကျားတစ်ကောင် ရောက်ရှိလာ၍ ထိုအပျိုကလေးကို တောသို့ထမ်းပိုးသွား၏။ ထိုအခါ ကိုးဦးသောအစ်ကိုမောင်များသည် စိတ်ဆိုး၍ ကျားကိုမမှီမချင်းလိုက်မည်ဟု သန္နိဋ္ဌာန်ချ၏။ ပြောင်းစေ့ကိုလှော်၍ ထောင်းကာ အမှုန့်ကိုယူသွား၏။ လေးနှင့်မြား၊ လှံကိုယူ၍ နေ့ရောညပါလိုက်ကြ၏။ ယခုဆတ္တာရွာ၏အောက်တွင်ရှိသောရီချောင်းတွင် ကျားကြီးကို မှီကြ၏။ ကျားကြီးက မည်သို့ပြုလုပ်သည်ကို ချောင်းကြည့်ကြ၏။





D/mai than myint

ကျားကြီးသည် လုံမပျိုလေး၏အလောင်းကို သစ်ပင်အရင်း တွင် ထိုင်စေပြီး အင်တိုက်အားတိုက်ကရင်း အလောင်းနှင့် သစ်ပင်ကို ကိုးကြိမ်ပတ်၏။ ထို့နောက် နောက်တစ်ကြိမ် ပြန်ပတ်ပြီး စားမည်အပြု၌ အစ်ကိုမောင်ငါးယောက်က တစ်ပြိုင်တည်း မြားနှင့် ပစ်ကြသဖြင့် ကျားကြီးသေဆုံးသွား၏။

ကျား၏အသားများကို စိတ်နာနာဖြင့် လှီးဖြတ်ကာ မီးကင်၍ စားကြ၏။ တချို့ကရေနှင့်သောက်စားကြသည်။ တချို့က အသား ကိုသာ စားကြသည်။ နှမလေးပါသွားသော လတ်ဝတ်တန်ဆာများ ကိုမူညီအထွေးဆုံးကိုပေး၏။ နှမလေးအလောင်းနှင့် ကျားခေါင်းကို ယူ၍ အိမ်ပြန်လာကြ၏။

အစ်ကို မောင်အားလုံးသည် ကျား၏ဦးခေါင်းကိုဖြတ်၍ လေတပ်ရွာသို့ ရောက်သောအခါ ကျားကြီးက ပြုသည့်အတိုင်း အောင်ပွဲခံ၍ လက်ဆန့်တန်းကရင်း ကျား၏ဦးခေါင်းကို ကိုးပတ် ပတ်၍ကကြ၏။ ဤကားကျားအောင်ပွဲပြုလုပ်ခြင်း တစ်ခုဟု ဆိုပြန် သည်။

ကျားအောင်ပွဲဆိုသည်မှာ ကျားကိုသိမ်းဆည်းခြင်း သို့မဟုတ် ကျားကိုလိမ်ခြင်းဟူ၍ အမျိုးမျိုးခေါ်ဆိုသည်။ ချင်းတို့၏ အယူအဆ တွင် ကျားကိုပစ်သတ်သူသည် အမျိုးသမီးဖြစ်လျှင် ပြဿနာ မဟုတ်ပါ။ သို့သော်အမျိုးသားဖြစ်လျှင် တစ်နေ့တွင် အခြားသော ကျားက ကလဲ့စားချေမည်ဖြစ်သည်။ ထို့ကြောင့် ကျားပစ်သတ်သူ

သည် ယောက်ျားမဟုတ် မိန်းကလေးသာဖြစ်ကြောင်း သတ်သေပြ နိုင်ရန်အတွက် မဖြစ်မနေအောင်ပွဲ ကျင်းပရခြင်းဖြစ်သည်။ ထို့ကြောင့် ကွင်း၌ ကသောအခါ အမျိုးသမီးကဲ့သို့ ဝတ်စားဆင်ယင်ရခြင်း လည်းဖြစ်သည်။

ခေါင်ကျွဲပွဲမကျင်းပသူသည် ကျားအောင်ပွဲကို ပြုလုပ်ခွင့်မရှိ။ ဘွေသဲပွဲ(တစ်ရွာလုံးစားသောက်ပွဲ အလှူပေးခြင်း)ကို မကျင်းပနိုင်လျှင် ကျားသစ်နှင့် အခြားသောကျားကို ပစ်သတ်နိုင်သော်လည်း အောင်ပွဲမကျင်းပနိုင်ပေ။ ခေါင်ကျွဲပွဲက ဘွေသဲပွဲထက်ပို၍ ကြီးမြတ်သော ပွဲတော်ဖြစ်သည်။

ခေါင်ကျွဲပွဲနှင့်ဘွေကျွဲပွဲကျင်းပနိုင်သူများသည် ကျားကိုမပစ်နိုင်သော်လည်း ကျားအောင်ပွဲကို ကျင်းပနိုင်ခွင့်ရှိသည်။ ထို့ကြောင့် ကျားအောင်ပွဲပြုလုပ်သူသည် ကျားကိုပစ်သတ်နိုင်သူအဖြစ် သဘောတူထားနိုင်သည်။ ဆန်ပီးမျိုးရိုးကကျားကိုပစ်သတ်နိုင်လျှင် ဆန်ပီးမျိုးနွယ်က အောင်ပွဲပြုလုပ်ရသည်။ ထိုမျိုးရိုးစုအတွင်းမှ ကျင်းပနိုင်သူမရှိသောအခါမှသာ အခြားမျိုးရိုးစုများက ကျင်းပရသည်။ ထိုသို့ ကျာကိုပစ်သတ်သော်လည်း ခေါင်ကျွဲပွဲကျင်းပလိုသူက ခေါင်အိုးနှင့် ပုတီးလုံးယူလာ၍ လာတောင်းရသည်။

ကျားအောင်ပွဲကျင်းပသောကွင်း(Bual) သည် ရွာတိုင်း၌ ကွင်းကိုယ်စီရှိကြသည်။ ထိုအောင်ပွဲ ကျင်းပသည့်နေ့ကြီးတွင် အမျိုးသားဟူသမျှ နံနက်ကထမင်းစားပြီးသောအခါ ကျင်းပရာကွင်း

တွင်ရောက်ရှိကြသည်။ ကောက်ညှင်းဆန်နှင့် အသားကိုစားကြ သည်။

အမျိုးသမီးများအတွက် သီးသန့်ထားသောအသား(Nusa)ကို အိမ်၌ စားပြီးသောအခါ အောင်ပွဲကျင်းပရာကွင်းသို့ ရောက်ရှိလာကြ ပြီး ကွင်းအပြင်ဘက်တွင်နေရာယူနေရာယူကြ၏။ ကိုယ်အင်္ဂါမစုံ သောအမျိုးသားများသည်လည်း အမျိုးသမီးများနည်းတူကွင်းတွင်း ၌ဝင်ခွင့်မရှိပါ။

အောင်ပွဲကျင်းပရာကွင်း(Bual) အောက်ဖက်တွင် ခါးလယ် အထိမြင့်သော စင်ကိုပြုလုပ်ထား၏။ တစ်လံအကျယ်နှင့်လှေခါး ကိုခင်းသည်။ စင်၏အပေါ်တံစို့တွင်ကျားသာရေကို မှောက်လျက်ခြုံ ရာတွင်ခြေလေးချောင်းနှင့်အမြီးက ခင်းထားသောကြမ်းပြင်ကို မထိ တထိအမြင့်ဖြင့် ခင်းထား၏။ စင်၏ခြေရင်း မြေတစ်နေရာတွင် ခွေး ငယ်လေး တစ်ကောင်ကို ပူဇော်ရန်အတွက်ချည်ထားသည်။

ပိုက်ပွဲ(နပန်းလုံးပွဲ) အရင်စ၍ ညနေစောင်းသည်အထိ နပန်းလုံးပွဲမပြီးလျှင်လည်း စ၍ကကြသည်။ အမျိုးသမီးရော အမျိုး သားများပါ ပါဝင်လျက် ဆွန်လာမ်ရိုးရာအကကို ကကြသည်။ ကျင်းပသူက ရှေ့ဆောင်၍ သူ၏ပတ်ဝန်းကျင်တွင် အခြားသူများက ဝိုင်း၍ကကြ၏။ လက်နှစ်ခုကို ဆန့်တန်းကာ တံတောင်ဆစ် ကိုကွေး၍ လက်နှစ်ဖက်ကို အတက်၊ အကျတစ်လှည့်စီ အနိမ့်အမြင့် ပြုလုပ်၍ ကကြ၏။ မျက်နှာချင်းဆိုင်လည်းကောင်း၊ စီတန်း၍ အရှေ့နောက်ဖြင့် လည်းကောင်းအားလုံးပါဝင်၍ ကကြရသည်။

ခေါင်ရည်ကို လောင်းထည့်သည့် စင်ပေါ်မှဆင်းသည်အထိ အောက်တွင်ရှိသော သူများသည် ကလျက် စောင့်ဆိုင်းကြသည်။ ထိုသို့ ဆက်၍ဆက်၍ ကကြရာ ကိုးပတ်ပြည့်သောအခါ ချည်ထား သော ခွေးငယ်လေးကို စေခိုင်းသောသူတစ်ဦးက ဓားဖြင့်ခုတ်သတ် သည်။ ထိုခွေးလေး အလောင်းဖြင့် ကွင်း၏အောက်ဘက်တွင် ပူဇော်ကြ၏။ ထိုခိုင်း၍ သတ်သောသူကို အဖိုးအခပေးရ၏။ အများ အားဖြင့် ကျပ်မပြည့်သောသူအား ခိုင်းရတတ်၏။

နေဝင်ရီတရော အချိန်ရောက်သောအခါ ကျား၏အရိုးနှင့် ခေါင်းကိုတူရိယာများတီးမှုတ်ရင်း ရွာ၏အပြင်ဘက်စိမ့်စမ်းရှိ ရွံ့ညွန် တွင် သွားရောက်မြှုပ်နှံရ၏။ ကျားဟူသမျှကို ပစ်သတ်သောအခါ တံစို့တွင်ထိုး၍ ပခုံးပေါ်တင်ကာ မည်သည့်ရွာထဲတွင် မျှဝင်ရောက် ဖြတ်သန်းခြင်းမပြုလုပ်ရပါ။

ကျားများစိတ်ဆိုး၍ ရွာရှိတိရစ္ဆာန်များကို ကိုက်ကြမည်ဖြစ် သည်ဟူသော အယူအဆရှိ၍ ဖြစ်သည်။

ချင်းစော်ဘွား(Phun bawi)များသည်လည်း ကျားအောင် ပွဲကိုကျင်းပလေ့ရှိသည်။ ကျားအောင်ပွဲကို ကျင်းပလိုသူ များပြား သောရွာတွင် ကျားပစ်သတ်သူရှိပါက ကျားအောင်ပွဲကို သူကျင်းပ မည်၊ ငါကျင်းပမည်ဟု တောင်းဆိုကြသည်။ ကျား၏ကိုယ်ပေါ်တွင် မှောက်လျက်မိမိကကျင်းပမည်ဟု မေတ္တာရပ်ခံသော ဓလေ့ရှိကြောင်း သိရသည်။ ကျွဲ၊ ဝက်သတ်၍ ကျွေးမွေး၏။ ညလုံးပေါက် ကခုန် ကြသည်။ ရိုးရာခေါင်ရည်များကလည်း သောက်မကုန်အောင်

များပြားလှသည်။ သို့သော် ဘွေသဲပွဲ (တစ်ရွာလုံးစားသောက်ပွဲ အလှူပေးခြင်း) ကျင်းပခြင်းမရှိသူက ကျားအောင်ပွဲ ကျင်းပခွင့် မရှိပေ။ ကျားအောင် ပွဲအားနှစ်ရက်မှ ငါးရက်ခန့်အထိ ပြုလုပ်လျက် ရှိသည်။

## ပထမနေ့

နွားနောက် ကျွဲ၊ဝက်များကိုသတ်၍ ရွာလုံးကျွတ် (Tlangzam) ဝေပေးကြသည်။ ရွာလုံးကျွတ် ပါဝင်ဆင်နွှဲသောက်စားကြသည်။ လူအများအပြား တတ်ရောက်သောကြောင့် လူဦးရေ အမှန်ကို သိရှိနိုင်ရန်အတွက် လူတစ်ဦးအောင်လောက် တစ်စေ့ကို တောင်းထဲထည့်၍ ထိုဦးရေအလိုက် အသားကိုလှီးဖြတ်ရသည်။ စားကြွင်း၊ စားကျန်များသည် အိမ်သို့ယူဆောင်နိုင်သော်လည်း အိမ်အတွင်းသို့ယူဆောင်ခွင့်မရှိသောကြောင့် အပြင်တွင်အားလုံး စားရ၏ ။

## ဒုတိယနေ့

ထိုနေ့သည် ပွဲကြီး (Nipi Ni) နေ့ဖြစ်သည်။ ဆရဲအိုး (Sareu) ကျားအောင်ပွဲပြုလုပ်သူအများတွက် နွားနောက်နှင့် ဝက်ထီးကို သတ် ၍ပေးဝေခြင်း၊ စားသောက်ခြင်းပြုလုပ်ပါသည်။ ဆရဲအိုးဆိုသည်မှာ ခေါင်ကျွဲပွဲ ၊ ဘွေသဲပွေ မပြုလုပ်နိုင်သူများက ကျင်းပသည့်ပွဲဖြစ် ပါသည်။ ဆရဲအိုးဆိုသည်မှာ ခေါင်ကျွဲပွဲ၊ ဘွေသဲပွဲ မပြုလုပ်နိုင် သူများက ကျင်းပသည့် ပွဲဖြစ်ပါသည်။ တချို့သော

ကျေးရွာများသည် ဘွေသဲပွဲကျင်းပသူအဆင့်ဖြင့် သတ်မှတ်သူများလည်းရှိကြသည်။ ကျင်းပပုံသည် ဇိန်ဝက်(နံနက်ပိုင်းတွင်သတ်သောဝက်သား) သတ်ပွဲမှစ၍ အားလုံးအတူတူပင်ဖြစ်သည်။ ဇန်ချွန့်(ညတွင်စားသောက်ရန် သတ်သောဝက်သား) ပြုလုပ်ပြီးစီးသောအခါ ကျင်းပသူ၏နှမ၊ အဒေါ်များက ဝက်ကိုသတ်၍ယူလာကြ ၏။ ယင်းကိုအာရ်ဆာထ (Arsa Thah) ဟုခေါ်သည်။ ယင်းပွဲပြီးလျှင် အဝတ်အထည်များ ရရှိနိုင်ရန် ပြုလုပ်ရခြင်းဟု ယူဆကြသည်။

ညတွင် ဇန်ချွန့်(Zan Chumb)ပွဲကို စတင်ကျင်းပ၍ ဝက်ထီးသုံးကောင်ကိုသတ်ကာ ခြေလေးချောင်းသတ္တဝါကိုလည်း သတ်ကြ၏။ အမျိုးသားအားလုံး ဝက်သားဆဆီရ်စားသုံးကြ၏။ ခြေလေးချောင်း သတ္တဝါများ၏ အသားများကို ရွာလုံးကျွတ်ပေးဝေရသေး၏။ ထိုအထိပြုလုပ်ခြင်းကို ဆရဲအိုးဟုခေါ်ဆိုသည်။

ဘွေသဲပွဲပြုလုပ်သောအချိန်အတွင်း ဆရဲအိုးကိုလည်း ပြုလုပ်ကြသည်။ နံနက်ခင်းတွင် နွားနောက်အထီးကိုသတ်၍ ဝက်ထီးတစ်ကောင်ကိုလည်းသတ်ရ၏။ စားသုံးသူများအတွက် စင်တစ်ခုကိုဆောက်လုပ်ပေးရ၏။ လိုအပ်သည်များကိုလည်းစင်ပေါ်သို့တင်ထားကြ၏။ ဝက်ခြောက်ဆုပ်တစ်ကောင်ကိုသတ်၍ အချို့ကို ပေးဝေပြီးကျန်တစ်ဝက်ကို စင်ပေါ်အဖွဲ့များ (အရေးပါအရာရောက်သူများ)က စင်ပေါ်တွင်စားသုံးကြ၏။

ထို့အပြင် ချွမ်ချန်(Chuanchang) ခေါ်ပွဲ ကျင်းပသောသူများအား သီးသန့်ထားပေးရသော အသားတုံး စားခွင့်ရှိသူများအတွက်

ခြေလေးချောင်း သတ္တဝါတစ်ကောင်နှင့် ဝက်ထီးတစ်ကောင်ကို သတ်၍ ဝေစားခြင်း၊ ပွဲတည်ခြင်းဖြင့် စားသုံးကြသည်။ အများ အတွက်မူ ဝက်ထီးတစ်ကောင် ကိုသတ်၍ ထမင်းမပါစားရ၏။

ထိုနေ့တွင် ကျားအောင်ပွဲကျင်းပသည့်ကွင်းထဲတွင် ကသော နေ့ဟုခေါ်ဆိုသကဲ့သို့ ကွင်းတွင်ပြုလုပ်သော စင်ပေါ်တွင်လည်း ကရ မည့်နေ့ဖြစ်သည်။ ထိုစင်ပေါ်တွင် ကျား၏အလောင်းကို ထမ်းစင် (Laang) တံစို့ဖြင့် ခုနှစ်ခုကြားတွင်ထားကာ ကျန်လိုစောင် (ချင်းအခေါ်)ကိုခြုံပြီး လက်နှင့်ခြေများတွင်ငွေလက်ကောက်များ (Banhorlh, Ngunkhikhiang)နှင့် အလှဆင်ကာ စွပ်၍ ဝတ်စေ သည်။

ကွင်းထဲတွင်ကကြသောအခါ စင်ကို တစ်ပတ်ပတ်ပြီးတိုင်း စင်ပေါ်သို့ အမျိုးသားကတတ်၍ ကျား၏မျက်လုံးကို ချည်ဒလက် (ရက်ကန်းရက်ရန်ချည်ဖြင့်ပတ်ထားသောတုတ်ဖြင့်) ထိုးပြီးခေါင် ရည်ကိုငုံ၍ မှုတ်ထုတ်သည်။ မှုတ်ထုတ်သောနေရာကို ဇနီးက ဆန်မှုန့် ဆုပ်ကို ချေမွလျက်ဖြူးရသည်။ ထိုကဲ့သို့ စင်ကို ကိုးပတ် ပတ်ပြီးသော အခါအမျိုးသားများသည် ကျားခေါင်းကို စမ်းရေရွှံ့ညွန် (Cerh) တွင်သွားရောက်မြှုပ်နှံကြလေသည်။ ထိုနေ့များတွင် ကျားကို ပူဇော်သော သူများ(Keidang)သည် အိမ်ပြင်မထွက်ဘဲ အိမ်ထဲတွင် အောင်း၍ နေရ၏။

ထိုသို့ အဓိပ္ပာယ်လေးနက်၍ ထူးဆန်းအံ့ဩဖွယ်ကောင်းသော ကျားအောင်ပွဲအကအား ထန်တလန်မြို့နယ် လေတပ်ရွာ၌အမြဲ

ကျင်းပလေ့ရှိသည်။ ချင်းလူမျိုးတို့၏ ချစ်စရာကောင်းသော ရိုးသားခြင်း၊ ဖြောင့်မတ်ခြင်းအကျင့်တစ်ခု ဖြစ်သည်။ ယင်းအပြင် ချင်းလူမျိုးတို့သည် မျိုးနွယ်စုကွဲပြားစေကာမူ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို မပျောက်ကွယ်စေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရှင်သန်ကြီးထွားစေရန် ပြုစုပျိုးထောင်လာခြင်း ဓလေ့ရိုးရာများရှိသကဲ့သို့ ကျားအောင်ပွဲအကအား ယနေ့လူကြီးများက နောင်လူငယ်များထံသို့ အမွေခံကောင်းများအား လက်ဆင့်ကမ်းရှင်သန်ပေးဝေနေမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

## မွန်ရိုးရာဆွမ်းတော်တစ်ထောင်တင်လှူပူဇော်ပွဲ

တော်သလင်းလပြည့်နေ့ရောက်တိုင်း ရာမညတိုင်း ဒေသမည်သည့်ရပ်ရွာမဆို မွန်လူမျိုးတို့သည် ဆွမ်းတော်ကြီးတင်ပွဲကို ဆင်နွှဲလေ့ရှိကြသည်။ မွန်လူမျိုးတို့သည် ထေရဝါဒဗုဒ္ဓဘာသာကို အလွန်လေးနက်ကိုင်းရှိုင်းသောလူမျိုးဖြစ်သည်။ ၁၂လရာသီပွဲတော်များ ကောင်းမှုကုသိုလ်များအား အမြဲပြုလုပ် ကျင်းပလေ့ရှိကြသည်။

တော်သလင်းလပြည့်နေ့တွင် ရပ်တိုင်းရွာတိုင်းရှိ မွန်ဘုန်းတော်ကြီးကျောင်းတို့တွင် မိမိတို့စွမ်းနိုင်သမျှ လုပ်အား၊ အလှူငွေအားဖြင့် သဘော်တစ်စီးတည်ဆောက်ကာ ဆွမ်း၊ တံခွန်၊ ကုက္ကား၊ ပန်း၊ နံ့သာ၊ သစ်သီး၊ ကွမ်း၊ ဆီမီး စသော အမျိုးအမည် တစ်ထောင်နီးပါးရှိ လှူဖွယ်ဝတ္ထုအမျိုးမျိုးတို့ဖြင့် ယင်းသဘော်၏ ကုန်းပတ်ပေါ် တွင်တင်လှူပူဇော်ကြသည်။

ဆွမ်းတော်ကြီးတင်ပွဲကို ဆွမ်းတော်တစ်ထောင်တင်လှူပွဲ မွန်ဘာသာခေါ်( သဘင်ဗဝ်သသုတ်လဗျိ) ဟုလည်းစတင်ခေါ်ဝေါ်ခဲ့ကြပါသည်။

ဓမ္မစေတီမင်းကြီး၏သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးလုပ်ငန်းအတွက် မွန်ရာဇဝင် ဓမ္မစေတီမင်းကျမ်းအရသီလစင်ကြယ်သော သာသနာပြုရဟန်းတော်များ မွေးထုတ်နိုင်ရန်ကောဓာသက္ကရာဇ်၈၃၈ခုနှစ် သီဟိုဠ်(သီရိလင်္ကာ)သို့ မွန်သံဃာတော်(၄၄)ပါးကို ဓမ္မစေတီမင်းက ရာမဒူတသင်္ဘောနှစ်စီးဖြင့်စေလွှတ်တော်မူသည်။ သံဃာတော်(၄၄)ပါးတို့က ကလျာနီသိမ်တွင်ရဟန်း အသစ်ခံယူကြ သည်။ ကိစ္စပြီးဆုံးသောအခါ အပြန်ခရီးတွင်သင်္ဘောနှစ်စီးအနက် ရာမဒူတသင်္ဘောက ခရီးစဉ်ချောမောစွာပြန်ရောက်နိုင်ခဲ့သည်။

သို့သော် စိတြဒူတ သင်္ဘောက လေပြင်းမုန်တိုင်းမိသဖြင့်သင်္ဘောမမှောက်သည့်တိုင်လိုရာခရီးပန်းတိုင်ဆီအပြီး မဆိုက်ရောက်နိုင်ခဲ့ပါ။





အိန္ဒိယနိုင်ငံ(ယခင် မဒရပ်၊ ယခု ချင်းမိုင်ဟုယူဆရသည့်) ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ကြသည်ဟု ဆိုကြသည်။ သင်္ဘောနှစ်စီးလွှတ်သော်လည်း တစ်စီးသာပေါ်လာသည့်အခါ မင်းနှင့်တိုင်းသူ ပြည်သားများ

က ရတက်မအေး ပူဆွေးခဲ့ကြရသည်။ ပျောက်ဆုံးနေသည့် သင်္ဘော တစ်စီးပေါ်တွင် လိုက်ပါကြပါသည်။ ရဟန်းတော်များဘေး အန္တရာယ် မကျရောက်စေရန် မင်းနှင့်တိုင်းသူပြည်သားအပေါင်းက ဆုတောင်း ဝတ်ပြုကြသည်။

စိတြဒူတသင်္ဘောသဏ္ဍာန်ဖန်တီးတည်ဆောက်ပြီးတော်သလင်း လပြည့်နေ့မနက်အာရုံချိန်၌ သင်္ဘောပေါ်တွင် လှူဖွယ်ဝတ္ထုအစုစုကို စုပေါင်းထည့်ပြီး ကပ်လှူပူဇော်ပွဲအသွယ်တို့ဖြင့် ဖြည့်ကြသည်။





အတုမရှိ ဗုဒ္ဓမြတ်စွာဘုရား၏ ဂုဏ်တော်ရတနာမြတ်သုံး၏ ဂုဏ်တော်ကိုအာရုံပြု၍ အမျိုးအမည် ထောင်မကသောဒါသဗ္ဗဝတ္ထု ဆွမ်းတော်ကြီးကို ဘုရားအားကပ်လှူပူဇော် သီလခံယူဆောက်တည်၍ ပရိတ်ရွတ်ပူဇော်ကာ တရားနာယူခြင်းကုသိုလ်ပြုလုပ်ကြသည်။



တော်သလင်းလဆုတ် နှစ်ရက်နေ့တွင် စိတြဒူတသင်္ဘော ကောင်းမွန်ချောမွေ့စွာပြန်ရောက်လာသည်ကို မင်းနှင့်တိုင်းသူပြည်သားများမြင်၍ ဝမ်းမြောက်ဝမ်းသာခရီးဦးကြိုဆို ပူဇော်ကြသည်။ သင်္ဘောပျောက်ကာအန္တရာယ်ကျရောက်နေသည့် ရဟန်းသံဃာတော်များအား ဘေးရန်ခပ်သိမ်းကင်းငြိမ်းစေလိုသော ရည်မှန်းချက်ဖြင့် ကုသိုလ်ပြုဆွမ်းတော်ကြီးတင်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ မွန်လူမျိုးတို့၏ ရိုးရာဓလေ့အစဉ်အလာကောင်းတရပ်ကို ရာမညတိုင်း

မွန်ဒေသရှိ ရပ်ရွာဒေသတိုင်းတွင် ဆွမ်းတော်တစ်ထောင်ခေါ် 'ဆွမ်းတော် ကြီးတင်ပွဲ' ကို ရိုးရာမပျက် တက်ကြွစွာ ပါဝင်ဆင်နွှဲကာ ကျင်းပပူဇော် ကောင်းမှုကုသိုလ်တော် ပြုလုပ်နေကြသည်ကို ယခုထိတိုင်အောင်မြင်တွေ့နေရပါသည်။

## ရခိုင်ရိုးရာရထားဆွဲပွဲ

ရခိုင်ပြည်နယ်တွင် ရထားပွဲသဘင်ကို တတိယဓညဝတီခေတ် စန္ဒာသူရိယမင်းကြီးလက်ထက် ဘီစီ ၆ ရာစုမှစတင်ခဲ့ပါသည်။

ရထားဆွဲပွဲကို တတိယဓညဝတီခေတ်(ဘီစီ ၅၈၀ မှ အေဒီ ၃၂၆ ထိ) လည်းကောင်း၊ ဝေသာလီကျောက်လှေကားခေတ် (အေဒီ ၃၂၇ မှ ၈၁၈ ထိ)လည်းကောင်း၊ လေးမြို့ခေတ် (အေဒီ ၈၁၈ မှ ၁၄၃၀ ထိ)လည်းကောင်း၊ မြောက်ဦးခေတ် (အေဒီ ၁၄၃၀ မှ ၁၇၈၄ ထိ)လည်းကောင်း ခေတ်အဆက်ဆက်ကျင်းပလာခဲ့ကြပါသည်။

ရထားဆွဲပွဲသည် သာမန်ပျော်ပွဲရွှင်ပွဲတစ်ရပ်အနေဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းမဟုတ်ပေ။ နေ၊ လ၊ လမ်းကြောင်း(ကြန္တိ)၊ နက္ခတ်(၂၇)လုံး၊ အတွင်းတာရာကြီး(၉)လုံး၊ အပြင်တာရာကြီး(၂၈)လုံး၊ အလွတ်တာရာ(၉၄)လုံးတို့နှင့်ဆက်စပ်နေပါသည်။

ရှေးရခိုင်နက္ခတ္တဗေဒပညာရှင်တို့က ရခိုင်ဇာတာနှင့်နေ၊ လ၊ နက္ခတ်တာရာတို့၏လမ်းကြောင်း(မဂ္ဂ) တို့ကိုအချိန်ညှိပြီး ရထားဆွဲပွဲကို ကျင်းပခဲ့ကြကြောင်း စာပေကျမ်းဂန်တို့တွင် ဖော်ပြခဲ့ပါသည်။

ရှေးခေတ်ရခိုင်ပြည်နယ်၊ ရခိုင်သား၊ ရခိုင်သူတို့သည် ရထားဆွဲပွဲကျင်းပရခြင်းကြောင့် ဥတုရာသီမျှတခြင်း၊ လယ်ယာသီးနှံ အထွက်တိုးပေါ်များခြင်း၊ တိုင်းပြည်နိုင်ငံအေးချမ်းသာယာခြင်းတို့ ဖြစ်စေသည်ဟုယုံကြည်အားထားကာ ရထားဆွဲပွဲကို အလေးထားပြီး ပါဝင် ဆင်နွှဲကြသည်။




RicH


Soe Thant Aung
Photography



မြောက်ဦးခေတ် (အေဒီ ၁၄၃၀ မှ ၁၇၈၄)တွင် ဘုရင်မင်းရာဇာကြီး (အေဒီ ၁၅၉၃ မှ ၁၆၁၂) ၏ သားတော် အိမ်ရှေ့မင်းသားမင်းခမောင်း ဟံသာဝတီမှာနေခဲ့စဉ်က မိမိတိုင်းပြည်သို့ ပြန်လာစေချင်သည့် အထိန်းတော်စာဆိုရှင်ဥက္ကာပျံက (အေဒီ ၁၅၉၅) ခုနှစ်တွင် ရေးစပ်ခဲ့သည့် ၁၂ လရာသီရတုတွင်…

‘ရာသီကုမ်လွဲ၊ တပို့တွဲသည်၊
လွမ်းဖွယ်အင် မြူးရွှင်မှုအသွယ်သွယ်၊
ရထားသဘင်၊ နှစ်တိုင်းယင်ကော၊
သောင်းခွင်ငါရို့ ရပ်ပြည်ထက်’ ဟုဖွဲ့ဆိုခဲ့ပေသည်။

သံတွဲမြို့၊ အောင်မြေသာစည်ဆရာတော် ဒွါရဝတီအရှင် ကုသလ(ငွေသဇင်) ရေးစပ်သည့် တပိုတွဲလဘွဲ့တွင်…

'ငွေနှင်းရည်ကြဲချကာ၊ ကြယ်မာဃထိန်ထိန်သာ၊

ထွန်းပသော်တာ၊ ထူးလှတဲ့ချိန်တာရာ၊

စိန်ပမာမခြား၊ ပေါက်လဲရယ်ငုံစီစီနဲ့ ကုမ်ရာသီတပို့တွဲလမှာ၊

နွဲ့ကြရထား…''ဟုဖွဲ့နွဲ့ထားပါသည်။

ရခိုင်ဆယ့်နှစ်ရာသီစက်ဝန်းတွင် တပို့တွဲလသည် ဧကဒသမ မြောက်လဖြစ်သည်။ ရခိုင်ရိုးရာရထားပွဲသည် ရခိုင်ဘုရင်တို့အုပ်စိုး စဉ်ကာလကပင်ရာဇဌာနေ မင်းနေပြည်မှအစ ကျေးရွာဇနပုဒ်ထိစဉ် လာမပျက် နှစ်စဉ်ကျင်းပသော ရာသီပွဲတော်ဖြစ်သည်။ ညဦးမှသည် ညသန်းခေါင်ယံအထိကျင်းပခဲ့ပုံကို ရခိုင်စာဆိုဥက္ကာပျံကသူ၏၁၂လ ရာသီဖွဲ့ရတုတွင် မှတ်တမ်းတင်ထားခဲ့သည်။ 'ကုံရာသီလွှဲ၊ လွှမ်းဖွယ်ပင်၊ ပျော်ရွှင်ရာလူ့ရပ်မြီ ရထားသဘင်၊ နှစ်စဉ်ငင်ကေ သောင်းခွင် ဤလူ့ပြည်ထက်၊ ရွှင်ပျော်ဖွယ်လူတို့၌၊ ရာဇဌာနီ၊ မင်းနေပြည်ဝယ်၊ ထိုထိုဇနပုဒ်၌၊ ကျူးသံရိုက် သိန့်သိန့်ဆူ၊ သမုဒ္ဒရာ ယမုံနာသည်၊ သီတာချောင်းခြားယူခ၊ များလူရှင်ပျော်သောင်းသဲ၊ ပိန်းပေါင်းခရာ၊ စည်ဒုပ္ပာသည် ပတ်သာမြို့လုံးခြုံမျှ…'

ရထားဆွဲငင်မှုသည်နှစ်ဖက်အားပြိုင်ဆွဲငင်ရခြင်းဖြစ်သည်။ ရခိုင်သမိုင်းအရ မင်းပါဘုရင်လက်ထက် ဦးမြ၏ရျာပန၊ အဂ္ဂစိန္တေယျ ဆရာတော်၏ရျာပန ကျင်းပရေးအငြင်းပွားမှုတို့ကို ရထားဆွဲငင်

ခြင်းဖြင့်ဖြေရှင်းခဲ့သည်။ ရထားပွဲသည် ရခိုင်တို့၏မူရင်းကိုယ်ပိုင်ပွဲဖြစ်သည်။ ဘာသာရေးနှင့်သက်ဆိုင်မှု မရှိချေ။ နက္ခဗေဒင်တို့ဖြင့်ဆက်စပ်နေသည်။ ရှေးခေတ်ရခိုင် တို့သည် ရထားပွဲဆင်နွှဲမှုကြောင့်ရာသီဥတုမျှတမှန်ကန်ကြောင်း၊ လယ်ယာသီးနှံအထွက်တိုးကြောင်း၊ တိုင်းပြည်အေးချမ်းသာယာ ကြောင်းယုံကြည်ကြသည်။

ရခိုင်ပညာရှိသုခမိန်အမတ်ကြီး မဟာပညာကျော်က သူ၏တစ်ဆယ့်နှစ်လရာသီမော်ကွန်း တပိုတွဲလတွင် 'တပိုတွဲဝယ်၊ ပေါက်လဲဆူးပန်း၊ ညဥ့်သန်းချိန်ကျ၊ ကြယ်မာဃနှင့်၊ တာရချန်ဝင်း၊ နေမင်းဝင်းရီ၊ ရောဟဏီတည့်၊ နဲရီဒီဝ၊ ဆဒွေးချမှ၊ ဇရတြိန်း၊ နေ့ကိန်းနာရီ၊ ကုမ်ရာသီစု၊ လှူကောင်းမှုဖြင့် ၊ ယာဂုမီးပုံး၊ တိုင်လုံးလျှံဖြိုး၊ ကြာသွပ်အိုးနှင့်၊ ကြာမျိုးစိုက်ထ၊ ပဥ္စဖဝါး၊..' စသည်ဖြင့်လည်းကောင်း ၊ ရခိုင်စာဆိုရှင်တစ်ဦးရေးဖွဲ့သောသာချင်းတစ်ပုဒ်တွင်လည်း 'ပြာသိုလပွဲ၊ တပိုတွဲမှာ၊ မီးပွဲမယေသဘင်၊ ရထားငင်ကော၊ ပျော်ရွှင်သောင်းသဲ၊ ရွာရှိပြင်မှာ' ဟုလည်းကောင်း ဗြိတိသျှခေတ် စာဆို တန်းခိုးဆရာထွန်းကလည်း 'ရှည်လျား ကာလ၊ ကျွန်းရမ္မကို၊ တတရူရူ၊ နှင်းအူအူနှင့်၊ မင်းကူမညင်း၊ မှန်ကင်းတွဲလွဲ၊ တပို့တွဲလတွင် လွန်ဆွဲမမီ၊ ရာသီသာမော၊ ကြိုးကြက် တောနှင့်၊ ဥသြသံညှင်း၊ အလွန်ပျင်းခဲ့' ဟူ၍လည်းကောင်း ၊ ရခိုင် ပြည်နယ်၊ ရမ်းဗြဲဇမ်းခြင်း ကဗျာတစ်ပုဒ်တွင်လည်း 'ပုချေရာလေ မောင်လိုင် တပို့တွဲ၊ ပျော်ပွဲကိုပိုက်၊ ချိုက်တေမောင် လူနက်ပေါင်းကော၊ ကုန်ရောင်းလားခါ၊

တစ်လမကြာ၊ လခွဲသာကြာပါလီဖို့၊ နှစ်လမကြာ၊ လခွဲသာကြာပါလီဖို့၊ ကျွန်းကြီးပြင် ငင်ရထားကို ၊ ဆွဲဖို့လားခါ၊ မယ်ကားပဓောင်၊ မောင်မယ်ကေဆွဲရဖို့ရောင်’ စသည်ဖြင့် လည်းကောင်း ဖွဲ့ဆိုခဲ့ကြပါသည်။

## ရထားပြုလုပ်ပုံ

ရထား ဟုခေါ်ဝေါ်ကြသည့်အတိုင်း ရထားတွင်စက်သီး (ဘီး)၊ ဝင်ရိုး၊ အညွှန့်၊ ကြိုး စသည်တို့ကို ပြုလုပ်တပ်ဆင်ကြရသည်။ စက်သီး(ဘီး)ကို အချင်း (၂)ပေ၊ ထု(၁၄)လက်မ ပြုလုပ်တပ်ဆင်ကြသည်။ ရထားစက်သီးကို သရက်သားဖြင့်ပြုလုပ်လေ့ရှိရာ ကောင်းမွန်သော ရထားစက်သီးများရရှိနိုင်ရန်အတွက် ပင်စည်လုံးပတ်(၈)ပေခန့် ရှိသော သရက်ပင်ကြီးကို ခုတ်လှဲပြီး ဖြတ်တောက်ပြုပြင်ကြရသည်။ ရထားစက်သီးကို သုံးနှစ်ထိသာ အသုံးပြုကြသည်။ ရထားဝင်ရိုးကိုမူ ကျစ်လစ်မှုရှိသည့်အတွက် အသုံးပြု၍ရသမျှ ဆက်လက်အသုံးပြုကြ သည်။ ရထားဘောင်သည် အလွန်ခိုင်မာရန်လိုအပ်သည်။ ရထားစက် သီးလှုပ်ရှားမှုကို ထိန်းထားနိုင်ရန် ရထားဝင်ရိုးကို အပေါက်ဖေါက်ပြီး (၆×၂)လက်မ သစ်သာတန်းကြီးများဖြင့် မူလီစွဲကာတပ်ဆင်ရသည်။ ရထားဘောင်မှာ(၁၀)ပေ×(၈)ပေ ဖြစ်သည်၊ ရထားအညွှန့်ကို ဝါးညွှန့်များဖြင့် အမြင့်(၁၀)ပေထိ စိုက်ထူလေ့ရှိကြသည်။ ရထားအညွှန့်ကို ဝါးညွှန့်အရေအတွက် မည်မျှစိုက်ထူရမည်ကို သတ်မှတ်ထားခြင်း မရှိပါ။

## ကြိုတင်ပြင်ဆင်ရမည့်အချက်များ

ရထားပွဲမကျင်းပမီ ရှေးဦးစွာ မြို့စောင့်၊ ရွာစောင့်၊ ချောင်းစောင့်နတ်တို့ကို ပွဲတော်တွင်အနှောက်အယှက် အထိအခိုက်တစ်စုံတစ်ရာမဖြစ်အောင် ကူညီပေးပါရန် ကန်တော့ပွဲဖြင့် ပူဇော်ပသကြရသည်။

ရထားမဆွဲမီ ရထားကို ငှက်ပျောတုံးများကို နင်းခိုင်းပြီး 'လူကိုမနင်းနှင့် ငှက်ပျောတုံးကိုနင်း' ဟုဆိုကာ အစာကျွေးရသည်ပြီးလျှင်ရထားကို စတင်ဆွဲငင်မည့် သတ်မှတ်ချက်နေရာသို့ ရွှေ့ထားရသည်။

## ရထားပွဲစတင်ခြင်း

ရထားမဆွဲမီ ရှေးဦးစွာ လူကြီးများက ဩဝါဒစကားမြွက်ကြားကာ ရထားပွဲသမိုင်းကြောင်း၊ ရထားပွဲစည်းကမ်းများကို ရှင်းပြရသည်။ အားလုံးအဆင်သင့်ဖြစ်ပြီဆိုလျှင် ဒိုင်လူကြီးက မီးတုတ်ဖြင့် အချက်ပြသောအခါ ရထားကိုနှစ်ဖက်အပြိုင် စတင်ဆွဲငင်ရသည်။ သတ်မှတ်ထားသည့်နေရာသို့ရောက်အောင် ဆွဲနိုင်သူကိုအနိုင်ရသည်ဟု သတ်မှတ်သည်။ တစ်ကြိမ်ဆွဲပြီးတိုင်း ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ သံချပ်ထိုးကြသည်။




## ရထားပွဲပြီးဆုံးခြင်း

ရထားပွဲတော်ကို သုံးညတိုင်တိုင်ကျင်းပ လေ့ရှိကြသည်။ နောက်ဆုံးညတွင် သတ်မှတ်ထားသည့်အကြိမ် အရေအတွက် အတိုင်း ဆွဲငင်ကြပြီး နိုင်သည့်ဘက်က နောက်ဆုံးနေ့ (တပို့တွဲလပြည့်နေ့) ည ၁၂ နာရီ မကျော်မီ ရထားအညွန့် (ဝါးအညွန့်)ကို မီးရှို့ခြင်းဖြင့် ရထားပွဲကိုအဆုံးသတ်ကြရသည်။ ရထားပွဲတော်ကိုကျင်းပသည့် မြို့ရွာရပ်ကွက်တို့သည် သုံးနှစ်ဆက်တိုက်ကျင်းပရသည်။ မကျင်းပါက မြို့ရွာရပ်ကွက်များအနေနှင့်

အထိအခိုက်အန္တရာယ် တစုံတရာဖြစ်တတ်သည်ဟု အယူအဆရှိကြသည်။

ဤတပိုတွဲလကို ပါဠိဘာသာဖြင့် မာဃ- မာသဟုခေါ်သည်။ ရာသီမှာ ကုမ်ရာသီဖြစ်၍ စန်းယှဉ်သည့်နက္ခတ်မှာ မာဃနက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ ချိန်တာရာဖြစ်၍ ရာသီရုပ်မှာ အိုးထမ်းယောကျ်ားပုံသဏ္ဍာန်ဖြစ်သည်။ ပေါက်ပန်း၊ လဲပန်းနှင့်ကသစ်ပန်းများပွင့်ကြသည်။ ရာသီပွဲတော်များမှာ ရထားဆွဲပွဲ၊ ယာဂုပွဲ၊ ထမင်းနဲထိုးပွဲ၊ မီးပုံပွဲ၊ ကြာသွပ်အိုးပွဲများကို ကျင်းပလေ့ရှိသည်။ ရှေးခေတ်သုံး နာရီအနေနှင့် နေ့(၂၆) နာရီရှိ၍ ည(၃၄) နာရီ၊ မွန်းတည့်ဖဝါးမှာ (၅) ဖဝါးဖြင့် မွန်းတည့်သောလဖြစ်သည်။ ဤလမှာ (၂၉)ရက်သာရှိ၍ ရက်မစုံသောလဟု သတ်မှတ်ကြသည်။

## ရခိုင်တိုင်းရင်းသားရိုးရာ ကျင်ကိုင်ကစားပွဲဓလေ့

ရခိုင်တိုင်းရင်းသားများသည်ကျင်ကိုင်ပွဲခေါ်သည့် ရခိုင်ရိုးရာအားကစားနည်းတစ်မျိုးကိုအထူးတလည် အားပေးကာရှေးမင်းများလက်ထက်ကပင် စဉ်လာမပျက် ကျင်းပခဲ့ကြပေသည်။ ကျင်ဟူသောဝေါဟာရနှင့်ပတ်သက်၍ အမျိုးမျိုးရေးဖွဲ့ကြသည်။ တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများ(ရခိုင်)စာအုပ်တွင် ‘ကျင်ဟူသည်မှာကျားလျင်မှပြောင်းလဲလာခြင်းဖြစ်ကြောင်းကျားသည်သားကောင်ကိုဖမ်းသည့်အခါလျင်မြန်သည့် အဟုန်ဖြင့်ဖမ်သကဲ့သို့ ဖျပ်လတ်လျင်

မြန်ရသည့်အတွက် 'ကျားလျင်' ဟုခေါ်ရာမှ 'ကျင်' ဖြစ်လာသည် ဟုဆိုထားသည်။

ဒွါရဝတီ အသျှင်ကုသလ၏ ရခိုင်ဌာနီလရာသီကျမ်းတွင် 'ကျင်' ဟူသောဝေါဟာရသည် 'ကျားအင်' ဟူသော ဝေါဟာရမှ ပြောင်းလဲလာသော စကားဖြစ်သည်။ 'ကျားအင်' ဟူသည် ' ကျား နှင့်အင်' ဖြစ်ပြီး 'ကျား' မှာ 'ယောကျ်ား' ၊ 'အင်'မှာ 'ကိုယ်အင်္ဂါအချိုးအစား'ဟုအဓိပ္ပာယ်ရသည်။ ထို့ကြောင့် ကျားအင် (ကျင်) ဆိုသည်မှာ'ယောကျ်ားကောင်း၏ ကိုယ်အင်္ဂါအချိုး အစားကို ထုတ်ဖော်ပြသသောပွဲ' ဟုဆိုလိုခြင်းဖြစ်သည်။

ရခိုင်ရိုးရာကျင်ကိုင်ပွဲသည် မည်သည့်အချိန်ကစတင် ခဲ့သည် ကို သိရှိရန်ခက်ခဲသော်လည်း ဝေသာလီခေတ်စူဠစန္ဒြာမင်း (အေဒီ-၇၇၃-၇၆၉)လက်ထက်တွင်တကောင်းသင်းတွဲပြည်သို့ စစ်ချီထွက်ရာ ၌စီးသောစစ်လှေပေါ်တွင် ကျင်သန်များပါဝင်လှော်ခတ်ခဲ့ကြောင်းကို




D/mai than myint

အမတ်ကြီး ဓမ္မဇေယျ၏ စန္ဒြားမင်းဘွဲ့၌ 'ကိုးစိပ်ကိုးလံ၊ ကိုးပင့်ကန်၊ ကျင်သန်တက်ပြီး၊ စည်ကိုတီး၊ တီးသည့်စည်တော်၊ ဟိုးဟိုးကျော်' ဟူ၍စပ်ဆိုခဲ့ရာ ကိုးစိပ်ကိုးလံရှည်သော လောင်းလှေကြီးများပေါ်တွင် ကျင်သန်များ လှော်ခတ်ခဲ့ရကြောင်း သိရှိရသဖြင့် ကျင်ကိုင်ပွဲသည် ဝေသာလီခေတ်(အေဒီ ၈ ရာစု)တွင် ပေါ်ပေါက်ပြီး ဖြစ်ကြောင်းသိရှိရာ ထိုထက်စော၍ ပေါ်ပေါက်မည်ဟု ယူဆမိပေသည်။ မြောက်ဦးခေတ် သို့ရောက်သောအခါတွင်လည်း ကျင်ပညာကို ကိုယ်ခံပညာတစ်ရပ်အဖြစ် သင်ကြားပေးခဲ့ကြသည်။ ရခိုင်ရိုးရာ ကျင်ကိုင်ပွဲသည် နေ့ထူးနေ့မြတ်များ၊ ဘုရားပွဲတော်များ၊ ဘုန်းကြီးပျံ ပွဲတော်များတွင် မပါမဖြစ် ပြုလုပ်သော အားကစားပွဲ ဖြစ်သည်။ ရခိုင်မြောက်ဦး ခေတ်တွင်ကျင်ပညာကို ကိုယ်ခံပညာ တစ်ရပ်အဖြစ် သင်ကြားပေး ခဲ့ကြသည်။

ကျင်ကိုင်ပွဲ ကျင်းပသည့်ရာသီမှာ စပါးရိတ်သိမ်းပြီးချိန် နတ်တော်လမှ ကဆုန်လမိုးမကျမီ ကာလအတွင်းဖြစ်သည်။ ရခိုင် ရိုးရာ ကျင်ကိုင်ပွဲမှာ ကြေးစားအားကစားနည်းမျိုးမဟုတ်ဘဲ ရိုးရာ အားကစားနည်းအဖြစ် ထိန်းသိမ်းကျင်းပသည့် ပြိုင်ပွဲဖြစ်သဖြင့် ရွှေတံဆိပ်၊ ငွေတံဆိပ်တို့ကို ချီးမြှင့်ကာ ငွေကြေးချီးမြှင့်ခြင်းကို အငယ်တန်းအဆင့်တွင်သာ ပြုလုပ်ပေသည်။





ရခိုင်ရိုးရာကျင်ကိုင်ပွဲကို ရွှေမောင်းတန်းအဆင့်နှင့် ငွေမောင်းတန်းအဆင့်ဟူ၍ နှစ်မျိုးခွဲခြား ယှဉ်နိုင်သည်။ ရွှေမောင်းတန်းအဆင့်ဆုတံဆိပ်ကို ရွှေအလေးချိန်တစ်ကျပ်သား၊ ငါးမူးသား၊ တစ်မတ်သား စသည်ဖြင့်ပြုလုပ်ပြီး ငွေမောင်းတန်းအဆင့်ဆုတံဆိပ်ကိုလည်း ငွေအလေးချိန်တစ်ကျပ်သား၊ ငါးမူးသား ၊ တစ်မတ်သားဖြင့် ပြုလုပ်ကာချီးမြှင့်ကြသည်။

ရခိုင်ပြည်နယ်တွင် ထင်ရှားသော ကျင်ကိုင်ပွဲများမှာ စစ်တွေမြို့၌ ကျင်းပသော ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် ကျင်ပွဲ၊ မြောက်ဦးမြို့ သျှစ်သောင်းဘုရားပွဲတော်၊ ကျောက်ဖြူမြို့ကံကော်တောဘုရားပွဲ၊ ပေါက်တောမြို့ ဘဝမ်းဘုရားပွဲ၊ မင်းပြား ကျိန်တောင်ဘုရားပွဲ၊ ပုဏ္ဏားကျွန်း ဂူဝဘုရားပွဲတို့မှာ ရခိုင်ပြည်နယ် အရပ်ရပ်မှ ကျင်သန်များလှည့်လည်ပါဝင်ယှဉ်ပြိုင်ကြသော ပွဲများဖြစ် ပါသည်။

ကျင်ကိုင်မှုသည် ကိုယ်ခန္ဓာကြီးမှု၊ သေးငယ်မှုနှင့်မဆိုင်ဘဲ ခွန်အားနှင့် ကျွမ်းကျင်မှုကို အခြေခံပြီး စနစ်တကျတီထွင်ထားသော အားကစားနည်းတစ်ရပ်ဖြစ်ပါသည်။ ကျင်ကိုင်နည်းများတွင် အဖမ်းသားမှ ပစ်ချနည်းနှင့် အခံသားမှ ပြန်လည်ပစ်ချနိုင်သော နည်းစနစ်ပေါင်းသုံးဆယ်ကျော်ရှိကြောင်းကို စာရေးသူကိုယ်တိုင် ကျင်သန်ဖြစ်သူ ဆရာလှရွှေမောင် (တောင်ညို) ထံတွင် ငယ်စဉ်က သင်ကြားဆည်းပူးခဲ့ရပေသည်။ ဝင်ရောက်ယှဉ်ပြိုင်မှုကားမရှိပေ။ ကျင်ကိုင်နည်းစနစ်များကိုလည်း ‘ဂုတ်ချိုးပစ်နည်း၊ မောင်းလိမ်၊ ပေါင်ထမ်း၊

မောင်းပြန်၊ ကြောင်လိမ်ပစ်နည်း ' စသည်ဖြင့် အမည်များ သတ်မှတ်ခေါ်ဝေါ်ကြပေသည်။

ကျင်ကိုင်ပွဲကျင်းပသည့်ပုံစံမှာ ဆ ၅၀ အချင်းရှိ သဲမြေကွက်လပ်ပေါ်တွင် ကျင်သန်နှစ်ဦးယှဉ်ပြိုင်ပြီးမြေကြီးပေါ်ပစ်လှဲချရပါသည်။ ကျင် အနိုင်အရှုံး၊ အငြင်းအခုန်တို့ကို ဆုံးဖြတ်ရန် ခုံသမာဓိအဖွဲ့နှင့်အနီးကပ်စောင့်ကြည့် အဆုံးအဖြတ် ပေးနိုင်ရန် ကျင်ဒိုင်များထားရှိရပါသည်။ ကျင်သန်နှစ်ဦးကို ခါးပတ်အဖြူနှင့် အနီတို့ဖြင့် ခွဲခြားသတ် မှတ်ပေးထားပါသည်။ ကျင်ကိုင်မည့် ကျင်သန်များသည် မည်သည့် အင်္ကျီကိုမှဝတ်ဆင်ထားခြင်းမရှိဘဲ အောက်ပိုင်းတွင် ဝတ်ဆင်ထားသော လုံချည်ကို ခါးတောင်းကျိုက်ထားရသည်။ ကျင်သန်တို့၏ ခန္ဓာကိုယ်အချိုးအား သန်မာထွားကျိုင်းမှုကို ထင်ရှား ပေါ်လွင်စေခြင်းဖြစ်ပါသည်။

ကျင်ကိုင်ပွဲမစတင်မီ ရွှေမောင်း၊ ငွေမောင်းရ ကျင်သန်များက ကျင်ကွင်းထဲတွင် ဟန်ရေးပြခြင်းကို ကျင်ကွင်းခြင်းဟုခေါ်ဆိုပါသည်။ ကျင်ကွင်းနည်း အမျိုးမျိုးကို လိုက်၍ ဥဒေါင်းဝဲကွင်းနည်း ၊ ဝံလက်သည်းကွင်းနည်း စသည်ဖြင့် အမည်အမျိုးမျိုးရှိကာ လှပစွာ ဟန်ရေးပြကြပါသည်။ ကျင်ကွင်းပြနေစဉ် ပရိသတ်က ကျင်သန်များအား ဆုငွေများချီးမြှင့်ကြပါသည်။ ကျင်ကွင်းနေစဉ်နှင့် ကျင်ကိုင်နေစဉ်တို့တွင် ရခိုင်ရိုးရာစည်တော်များ သံပြိုင်တီးခတ်ခြင်းအားဖြင့် အားမာန်တတ်စေပြီး ပရိသတ်များကလည်း သံပြိုင်အော်ဟစ်အားပေး

ကြကာအလွန်တရာမှ စိတ်ဓာတ်တတ်ကြွစေသည့် ပြိုင်ပွဲကြီးတစ်ရပ်ပင်ဖြစ်သည်။

ကျင်ကိုင်ရာတွင်အဖမ်းလှည့်နှင့် အခံလှည့်ဟူ၍သတ်မှတ်ပေးထားပြီးခေါင်းပန်းလှန်စနစ်ဖြင့် အဖမ်းအခံ ရွေးချယ်ကြသည်။ အဖမ်းသားမှအခံသားအား ဖမ်းချုပ်ပစ်ချခွင့်ရှိပြီး အခံသားအနေဖြင့် အဖမ်းသားမှ ခြေချိတ်လှဲချသည့် အချိန်တွင်မှ ပြန်လည်ရုံးထွက်ခြင်းနည်း စနစ်ဖြင့်လှဲချခွင့်တို့ရရှိပါသည်။ ပထမအခွင့်အရေးရရှိသူ အဖမ်းသားမှ တစ်လှည့်ဖမ်းခွင့်ရပါသည်။ မြေကြီးပေါ်လှဲချခံရလျှင် သို့မဟုတ် သုံးကြိမ်ဖမ်းမရလျှင်အရှုံးအဖြစ်သတ်မှတ်ပါသည်။ နှစ်ကြိမ်အနိုင်ရသူကို အနိုင်ပေးပြီးလှဲချခွင့်တို့ ရရှိပါသည်။ ပထမ အခွင့်အရေးရရှိသူ အဖမ်းသားမှတစ်လှည့်ဖမ်းခွင့်ရပါသည်။ မြေကြီးပေါ်လှဲချခံရလျှင် သို့မဟုတ်သုံးကြိမ်ဖမ်းမရလျှင်အရှုံး အဖြစ်သတ်မှတ်ပါသည်။ နှစ်ကြိမ်အနိုင်ရသူကို အနိုင်ပေးပြီးလှဲချ ခွင့်တို့ရရှိပါသည်။ ပထမအခွင့်အရေးရရှိသူ အဖမ်းသားမှ တစ်လှည့် ဖမ်းခွင့်ရပါသည်။ မြေကြီးပေါ်လှဲချခံရလျှင် သို့မဟုတ် သုံးကြိမ် ဖမ်းမရလျှင်အရှုံးအဖြစ် သတ်မှတ်ပါသည်။ နှစ်ကြိမ်အနိုင်ရသူကို အနိုင်ပေးပြီး နောက်တစ်ဆင့်တက်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။ ထိုသို့အဆင့်ဆင့်ယှဉ်ပြိုင်ပြီးနောက်ဆုံးအဆင့် အနိုင်ရရှိသူကို ရွှေမောင်းပထမဆု၊ ဒုတိယဆုရရှိသူကို ရွှေမောင်းဒုတိယဆု ၊ တတိယဆုရရှိသူကို ရွှေမောင်း

တတိယဆု တို့ကိုချီးမြှင့်သည်။ ငွေမောင်းတန်းအဆင့်တွင်လည်း ထိုသို့အဆင့်ဆင့်ယှဉ်ပြိုင်ကာ ငွေမောင်းဆုများ ချီးမြှင့်ပါသည်။

ရခိုင်တိုင်းရင်းသားလူမျိုးတို့၏ ကျင်ကိုင်နည်းသည် အနောက်တိုင်း အားကစားနည်းဖြစ်သော နပန်းကစားနည်းနှင့် ကွဲပြားမှုရှိပေသည်။ နပန်းအားကစားနည်းတွင် မြေပြင်တွင်ကျသွားသော်လည်း ထပ်မံမထနိုင်အောင် ဖိထားပြီးအနိုင်ချုပ်ရသောနည်းသာဖြစ်သည်။ ဂျပန်နိုင်ငံရှိ ဆူမိုကစားသမားများ ကစားသည့်နပန်းပွဲတွင်ကြည့်ပါကလည်း စည်းဝိုင်းမှာလက်နှစ်ဖောင်စာလောက်သာကျယ်ပြီး ကိုယ်ခန္ဓာအင်အားကို အသုံးပြုပြီး စည်းဝိုင်းအပြင်သို့ထွက်အောင်လုံးထွေးရသော နည်းသာလျှင် ဖြစ်ပါသည်။ ထိုအခြင်းအရာများစွာထဲမှ ရခိုင်တိုင်းရင်းသားတို့၏ ကျင်ကိုင်နည်းစနစ်သည်ရှေးခေတ်ရခိုင်ဘုရင်များ လက်ထက်ကတည်းကပင် ရိုးရာကစားနည်းတစ်ခုလည်းဖြစ်ပါသည်။ ရခိုင်ရိုးရာ ကျင်ကိုင်ကစားနည်းသည် ကမ္ဘာကျော်သောကစားနည်း တစ်ခုဖြစ်ရန်အတွက် လိုအပ်နေသေးသည်။ ယခုအခါတွင်ရခိုင်ပြည်နယ်သို့ နိုင်ငံခြားခရီးသွားလာရောက်လည် ပတ်မှုများလာသဖြင့် ကျင်ကိုင်ကစားနည်းကိုစိတ်ဝင်စားမှုများ လာခဲ့ပြီဖြစ်သည့်အတွက် ရခိုင်တိုင်းရင်းသားလူမျိုးများ၏တန်ဖိုး ထားထိန်းသိမ်းလာခဲ့ကြသည့် ရခိုင်ရိုးရာကျင်ကိုင်ပွဲအားဆက်လက် ထိန်းသိမ်းကျင်းပနိုင် ကြစေရန်နှင့် ပိုမိုတန်ဖိုးထားမြတ်နိုးကြစေရန် ဖော်ပြလိုက်ရပါသည်။

# ပအိုဝ်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံ

အမျိုးသားနေ့သည် ဇာတိသွေး၊ ဇာတိမာန်၊ အမျိုးသားရေး စိတ်ဓါတ်များ နိုးကြားရှင်သန်ထက်မြက်ရေး၊ နိုင်ငံတော်ကိုချစ်မြတ်နိုးတတ်သော စိတ်ဓါတ်များ ကိန်းအောင်းလာစေရေးအတွက်လှုံ့ဆော်ပေးမည့်နေ့ထူးနေ့မြတ်ပင်ဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်းအဖို့ ထူးခြားသည့်ဂုဏ်ထူးဝိသေသဖြင့် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သောကြောင့်မိမိလူမျိုးကို မိမိကိုယ်တိုင် မှတ်တမ်းတင်ခြင်ပင်ဖြစ်သည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် သူတစ်ထူး၏ကြီးမားသော ကျေးဇူးတရားသိတတ်မှုကို အခြေခံ၍ မိမိတို့၏ထူးခြားလှသည့် သမိုင်းအစဉ်အလာကိုအကြောင်းပြုကာ(ဒဲန်သီလာဗွေ) တပေါင်းလပြည့်နေတွင် ပအိုဝ်းအမျိုးသားနေ့ ဖြစ်ပေါ်လာရပေသည်။ ထိုနေ့ရောက်တိုင်း (ပအိုဝ်းအမျိုးသားနေ့)ကို နှစ်စဉ်မပျက် ကျင်းပလျက်ရှိပါသည်။ တပေါင်းလပြည့်နေ့ကို(ပအိုဝ်းအမျိုးသားနေ့)ဟူ၍ သတ်မှတ်ကျင်းပလာခဲ့ကြသော ရှေးဘိုးဘွားအစဉ်အဆက်တို့၏ သမိုင်းအစဉ်အလာကိုလေ့လာလျှင် လွန်ခဲ့သောနှစ်ပေါင်း (၂၇၀၀) ကျော် မဟာသက္ကရာဇ်(၂)ခုနှစ်၊ ပအိုဝ်းသက္ကရာဇ်(၃)ခုနှစ်၊ (BC ၆၈၉) တပေါင်းလပြည့် စနေနေ့၊ နေ ထွက် လ မဝင်မီ၊ ကောင်းကင်တခွင် နေလနှစ်ပါးထိန်လင်းထွန်းပြောင်သောအချိန်ကောင်းတွင်မွေးဖွား လာသူ သူရိယစန္ဒာမင်းကြီးကြောင့် (ပအိုဝ်းအမျိုးသားနေ့) ဖြစ်ပေါ် လာရသည်ကို သိရှိနိုင်ပါသည်။





သူရိယစန္ဒာမင်းကြီးကို ပအိုဝ်းတိုင်းရင်းသားတို့က ပါဠိဘာသာဖြင့် သူရိယစန္ဒာဟူ၍၎င်း၊ ပအိုဝ်းဘာသာစကားဖြင့် (ဒွိတပ) ဟူ၍ လည်းကောင်းခေါ်ဆိုကြသည်။ (ဒွိတ) သည်ကြီးသောအရာနှစ်ခု၊ (ပ) သည်မွေးဖွားလာသည်ဟုအဓိပ္ပာယ်ရပြီး (ဒွိတပ)၏အဓိပ္ပာယ် အပြည့်အစုံမှာ ကောင်းကင်တွင်ကြီးသော အရာနှစ်ခုဖြစ်သည့် နေနှင့် လနှစ်ပါး လင်းလက်တောက်ပသော အချိန်တွင်မွေးဖွား လာသူဟုဆိုပါသည်။ မြန်မာတို့က ဒွိတပေါင်ဟုခေါ်ဆိုပြီး ဒွိတပေါင်၏အဓိပ္ပာယ်မှာ နေနှင့်လ တပေါင်နှစ်ခုပေါ်သည်ကိုဆိုလို ပါသည်။ ဒွိတပေါင်မှ ဒွတ္တပေါင်ဖြစ်လာပါသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် (BC ၆ ရာစု) အစောပိုင်း ကတည်းက ဗုဒ္ဓဘာသာဝင်များဖြစ်ခဲ့ကြသည်။ အကြောင်းကား သူရိယစန္ဒာ မင်းကြီးသည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်က ပွင့်တော်မူသော ဂေါတမမြတ်စွာဘုရားရှင်ကို ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက် တို့ဖြင့်အဓိဋ္ဌာန်ပြု ပင့်လျှောက်ခဲ့ပါသည်။ သူရိယစန္ဒာမင်းကြီးပင့် လျှောက်ချက်ကြောင့် ဗုဒ္ဓဂေါတမမြတ်စွာဘုရားသည် သုဝဏ္ဏဘုံမိ သထုံပြည်သို့ (BC ၅၈၇) မဟာသက္ကရာဇ်(၁၀၅)ခုနှစ်၊ နတ်တော် လဆန်း(၁)ရက်နေ့၊ စနေနေ့တွင် ကြွရောက်လာ၍ သုဝဏ္ဏဘူမိ သထုံသူ၊ သထုံသားတို့လည်း မြို့လုံးကျွတ်ထွက်၍ ကြိုဆိုဖူးမျှော်ကြ ကြသည်။



ပအိုဝ်တိုင်းရင်းသားတို့သည် စပါးသီးနှံ၊ ဥယျာဉ်ခြံမြေ လုပ်ကိုင်စားသောက်ကြသူများ ဖြစ်ကြပါသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင်သက်ရှိထင်ရှားကြွရောက်လာသော ရာသီကာလ ကား ပအိုဝ်းတို့၏ ဥယျာဉ်ခြံမြေ၊ လယ်ယာလုပ်ငန်းမှ စပါးသစ်၊ ဆန်သစ်၊ သစ်ဥ၊ သစ်ဖု၊ သီးနှံသစ်များပေါ်ထွန်း ရိပ်သိမ်းပြီးစ

အချိန်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားရှင်နှင့်တကွ ကြွရောက်လာကြသော ရဟန္တာအရှင်သူမြတ်များအား မိမိတို့ ဥယျာဉ်ခြံမှထွက်သောကောက်ဦး ကောက်ဖျား၊ ဆွမ်းဦးဆွမ်းသစ်ဖြင့် သဒ္ဒါကြည်ဖြူစွာ လောင်းလှူဒါနပြုနိုင် ကြသည်မှာ ကြုံရခဲသော ကောင်းမှုကုသိုလ်ဖြစ်၍ သဒ္ဒါကြည်ဖြူ နှစ်သက်ကြည်နူးဖွယ်ကောင်းသော ကုသိုလ်ထူး ကုသိုလ်မြတ် ဖြစ်ပေသည်။ ထိုတွင်မကသေး ဘုရားရှင်နှင့်အတူ လိုက်ပါလာကြသော (၇)ပြည်ထောင်သော မင်းညီ၊ မင်းသားများနှင့်ဘုရားဖူး ဧည့်ပရိသတ်တို့အား စတုဒီသာ မဏ္ဍပ်ဆောက်၍ ကျွေးမွေးလှူဒါန်းခဲ့ကြပြန်သည်။ ဤကဲ့သို့ ရခဲလှသော အလှူဒါနမျိုးကိုရရှိ ပီတိဖြစ်ကြ ရသဖြင့် သထုံပြည်သူ၊ ပြည်သား ပအိုဝ်းလူမျိုးများတို့သည် သူရိယစန္ဒာမင်းကြီး၏ကျေးဇူး ဂုဏ်တော်ကို အထူးပင်မမေ့နိုင်ကြတော့ပေ။

ထို့အပြင် တဝ၊ သူရိစန္ဒာမင်းကြီးသည် ဂေါတမမြတ်စွာဘုရား၏သွားတော်လေးဆူကိုရရှိ၍ ရှေးအခါက နောင်တော်ဘုရားများဖြစ်ကြသော ကကုသာန်ဘုရား၏ ဆံတော်(၈)ဆူ၊ ဂေါဏာဂုံဘုရား၏ တောင်ဝှေးတော်၊ ကဿပဘုရား၏ မြသပိတ်တော်၊ အစရှိသော လေးဆူသောမြတ်စွာဘုရားတို့၏ ဓါတ်တော်မွေတော်တို့ကိုစုပေါင်း၍ လေးဆူဓါတ်စံရွှေစာရံစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ပြီး စေတီတော်၏ထီးတော်ကို သူရိယစန္ဒာမင်းကြီး မွေးနေ့ဖြစ်သော တပေါင်းလပြည့်နေ့တွင် တင်လှူပူဇော်ခဲ့ပါသည်။ စေတီတည်ပြီး၍ မြတ်စွာဘုရားပြန်ကြွသွားပါသော်လည်း ပအိုဝ်း

တိုင်းရင်းသားတို့ဆက်လက် ပူဇော်အားထားနိုင်ရန်လေးဆူသော မြတ်စွာဘုရား၏ ကိုယ်စား ဓါတ်တော်မွေတော်မွေတော်များကို ဆက်လက်ပူဇော်ကိုးကွယ်ခွင့် ရကြသဖြင့် ပအိုဝ်းတိုင်းရင်းသား တို့သည် သူရိယစန္ဒာမင်းကြီး ၏ကျေးဇူးတော်ကို ချီးကျူး၍မဆုံး၊ နှလုံးပီတိဖြစ်ကြရပေသည်။

သူရိယစန္ဒာမင်းကြီးပင့်လျှောက်ချက်ကြောင့် သထုံသူသထုံ သားပအိုဝ်းတိုင်းရင်းသားများသည် ဘုရားရှင်ကိုယ်တော်တိုင်ကို ဖူးတွေ့ရခြင်း၊ သက်ရှိထင်ရှားမြတ်စွာဘုရားနှင့် ရဟန္တာအရှင် သူမြတ်များအား ဆွမ်းဦးဆွမ်းသစ်၊ ဆီမီးအမွှေးနံ့သာတို့ကို ဆက်ကပ်ပူဇော်လှူဒါန်းနိုင်ခြင်း၊ မြတ်စွာဘုရား ပြန်ကြွသွားသော် လည်း လေးဆူသောမြတ်စွာဘုရားတို့၏ ကိုယ်စားဓါတ်တော်၊ မွေတော်များကို အချိန်မရွေး နေ့စဉ်ဖူးတွေ့နိုင်ခြင်း အစရှိသည့် သူရိယစန္ဒာမင်း ကြီး၏ ဂုဏ်ကျေးဇူးများကို ပအိုဝ်းတိုင်းရင်းသား များ၏ စိတ်နှလုံး ထဲ၌စွဲမြဲထင်ကျန်ခဲ့ကြပါသည်။ ထို့ကြောင့်လည်း သူရိယစန္ဒာမင်း ကြီးမွေးနေ့ဖြစ်သော ရွှေစာရံစေတီတော်ထီးတော် တင်လှူသည့် နေ့ဖြစ်သော တပေါင်းလပြည့်နေ့ရောက်တိုင်း သူရိယ စန္ဒာမင်းကြီး၏ ဂုဏ်ကျေးဇူးကိုသတိရ အောက်မေ့တသသော အားဖြင့် ဤရွှေစာရံ စေတီတော်တွင် ပအိုဝ်းတိုင်းရင်းသား တို့စုဝေး ရောက်ရှိလာကြခြင်း ဖြစ်ပါသည်။ အနယ်နယ်အရပ်ရပ်မှ ပအိုဝ်း တိုင်းရင်းသားတို့သည် ထိုစေတီတော်တွင်နှစ်စဉ် စုဝေးရောက်ရှိ လာခဲ့ကြသည်မှာ နှစ်ပေါင်း (၂၆၀၀) ကျော်ရှိပြီး ဖြစ်ပါသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် တပေါင်းလပြည့် (ဒဲန်သီလာဗွေ) ဘုရားပွဲတော်မှ မျိုးဆက်သစ်နှောင်းလူများသို့ လက်ဆင့်ကမ်း ကျင်းပလာရာတွင် (ပအိုဝ်းအမျိုးသားနေ့)ဟူ၍ အမျိုးသားရေး အသွင်ဆောင်ကာ လက်ဆင့်ကမ်းကျင်းပလာခဲ့ ကြသည်။ သို့သော် လည်း သူရိယစန္ဒာမင်းကြီး ရှိစဉ်အခါကကဲ့သို့ ရိုးရာမပျက် ကျင်းပ ခဲ့ကြသည်။

၁၉၄၆ခုနှစ်၊ ဇွန်လ(၃၀)ရက်၊ ၁၃၀၈ ခု၊ ဝါဆိုလဆန်း(၂)ရက် တနင်္ဂနွေနေ့တွင် သထုံမြို့၊ ညောင်ဝိုင်းကျောင်း၌ ဖြားဗွာဦးလှဖေ၊ ဦးခဲ၊ ဦးဖိုးမျှင်၊ ဦးဖြူ(သထုံမြို့၊သမာဓိ မြို့တော်ဝန်) တို့ဦးဆောင်၍ (ပအိုဝ်း-တောင်သူအမျိုးသားအဖွဲ့ချုပ်)ကို ဖွဲ့စည်းခဲ့သည်။ အစိုးရက ပအိုဝ်းဟူ၍မခေါ်သေး၊ တောင်သူဟုသာသုံးနှုန်းပါသည်။

၁၉၄၇ ခုနှစ် မတ်လ(၈)ရက်၊ စနေနေ့တွင်၊ သထုံမြို့၊ ကြယ်တာရာရုပ်ရှင်ရုံကြီး၌ ပထမဦးဆုံးသော ပအိုဝ်းအမျိုးသား ညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ ထိုညီလာခံမှ (ပအိုဝ်းလျောန်ဗူအဖွဲ့) ပအိုဝ်းအမျိုးသားစည်းလုံးညီညွတ်ရေးအဖွဲ့ ကိုဖွဲ့စည်းနိုင်ခဲ့ပြီး အောက်ပါအချက်နှစ်ရပ်ကို ဆုံးဖြတ်နိုင်ခဲ့ ပါသည်။

(၁) ပအိုဝ်းလူမျိုးတို့အား တောင်သူဟုခေါ်ဆိုနေခြင်းမှ ပအိုဝ်းဟုခေါ်ဆိုရန်။

(၂) ပအိုဝ်းတို့အား တပ်ရင်း(၂)ရင်း ဖွဲ့စည်းတည်ထောင် ပေးရန်။

ထိုအဆိုနှစ်ရပ်ကို သက်ဆိုင်ရာအစိုးရအား တင်ပြတောင်းဆိုရန်ဆုံးဖြတ်ခဲ့ကြသည်။

အစိုးရက ပအိုဝ်းတောင်သူလူမျိုးဟူ၍မရှိ၊ တောင်သူ ဆိုသည်မှာ လယ်ယာကိုင်းကျွန်း လုပ်ကိုင်သူများသာဖြစ်သည်ဟု ပအိုဝ်းတောင်သူလူမျိုးတည်ရှိမှုကို အသိအမှတ်မပြု။ ထိုအခါ ပအိုဝ်းခေါင်းဆောင်များဖြစ်ကြသော ဖြာဗွာဦးလှဖေ၊ ဦးခဲ၊ ဦးဖိုးမျှင်၊ ဦးဖြူ၊ ဦးစံရွှေ တို့ဦးဆောင်၍ သထုံမြို့၊ မော်ကျော့ရပ်၊ ရေကျော်ဘုန်းတော်ကြီးကျောင်း၌ စုရပ်ထားကာ ပအိုဝ်းလူထု အစည်းဝေးပွဲတစ်ရပ်ကို ပြုလုပ်ခဲ့ပါသည်။ ထိုအချိန်က ရွှေစာရံဘုရား (ဒန်သီလာဇွေ) တပေါင်းလပြည့်နေ့ပွဲတော်တွင် အနယ်နယ်အရပ်ရပ် မှ ဘုရားပွဲတော် နှစ်စဉ်လာရောက် နေကြနှင့် တိုက်ဆိုင်၍ ပအိုဝ်းလူထု တစ်သောင်းကျော်ခန့် စုရုံးနိုင်ခဲ့သည်။ လွတ်လပ်ရေးရသောနှစ် (၁၉၄၈ခုနှစ်၊ဖေဖေါ်ဝါရီလ(၂၃)ရက်၊ ၁၃၀၉ ခုနှစ်၊ တပေါင်းလပြည့်၊ တနင်္လာနေ့) ဖြစ်ပါသည်။ ထိုလူထုအစည်းဝေးပွဲကြီးမှ (၂၀.၂.၁၉၄၇) နှစ်ကဆုံးဖြတ်ခဲ့သော အဆိုနှစ်ရပ်ကိုသက်ဆိုင်ရာ ပြည်ထောင်စုအစိုးရထံသို့ တောင်းဆို ပေးပို့ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ လူမျိုးစုရေးရာဝန်ကြီးဌာနဝန်ကြီး ဦးအောင်ဇံဝေ(ရခိုင်လူမျိုး)မှ ထိုတောင်းဆိုချက်နှစ်ရပ် အနက်၊ အမှတ်(၁) တောင်းဆိုချက်ဖြစ်သော တောင်သူလူမျိုးမှ ပအိုဝ်းလူမျိုးဟူ၍ ခေါ်ဆိုသုံးစွဲမည်ဖြစ်ကြောင်း အသိအမှတ်ပြုပြန် ကြားခဲ့ပါသည်။ ထိုနှစ်မှစ၍ ပအိုဝ်းအမျိုးသားနေ့

(ဒန်သီလာဖွေ) တပေါင်းပွဲတော်ကို ရွှေစာရံဘုရားဝန်း ဦးဘိုးမြဲမွေ့ရုံတွင်လည်း ကောင်း၊ ရေကျော်ဘုန်းကြီးကျောင်းတွင်လည်းကောင်း ဆက်လက် ကျင်းပလာခဲ့ကြပါ သည်။

၁၃၃၆ခုနှစ်၊တပေါင်းလပြည့်နေ့၊ဗုဒ္ဓဟူးနေ့ (၂၆.၃.၁၉၇၅) ရက် နေ့ နံနက်၇:၀၀နာရီအချိန်တွင် ပဲခူးတိုင်း၊ထန်းတပင်မြို့နယ်၊ ဇရပ်ကြီး ဒေသ၊ ပြည်ထောင်စုကွင်း မြေနေရာတွင် ကျင်းပခဲ့သော (ဒန်သီလာဖွေ)၊ ပေါင်းလပြည့် (ပအိုဝ်းအမျိုးသားနေ့) ပွဲတော်တွင် ဇရပ်ကြီးဒေသ၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင် ဖြားခွန်ကျော်ဖံ ကသဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပါသည်။ အနယ်နယ် အရပ်ရပ်မှ ပအိုဝ်းကိုယ်စားလှယ်တော်များ တက်ရောက်ခဲ့ကြပါသည်။ သူရိယ စန္ဒာမင်းကြီးသည် ပအိုဝ်းတိုင်းရင်းသား ပြည်သူများအတွက် တန်ဖိုး မဖြတ်နိုင်အောင် ကျေးဇူးတရား အလွန်ကြီးမားလှပါ၍ ၎င်းမင်းကြီးအား အစဉ်သတိရ အောင့်မေ့တသသော အနေဖြင့် လည်းကောင်း၊ မင်းကြီးအား ချီးကျူးဂုဏ်ပြုသောအနေဖြင့် လည်းကောင်း၊ သူရိယ စန္ဒာမင်းကြီး၏ မွေးနေ့ဖြစ်သောတပေါင်း လပြည့်နေ့ကို (ဒန်သီလာဖွေ)၊ (ပအိုဝ်း အမျိုးသားနေ့) ဟူ၍ပီပီ ပြင်ပြင် သတ်မှတ်ဖေါ်ဆောင်ပြဋ္ဌာန်းရန် သင့်ကြောင်း၊ သဘာပတိ ကြီးမှ အဆိုပြုမိန့်ကြားခဲ့ပါသည်။

ထိုအစည်းအဝေးပွဲကြီးမှ သဘာပတိကြီး၏အဆိုကို ကန့် ကွက်သူမရှိသဖြင့် တပေါင်းလပြည့်နေ့ကို (ပအိုဝ်းအမျိုးသားနေ့) အဖြစ် ဆုံးဖြတ်ခဲ့ကြသည်။ အထက်ပါဆုံးဖြတ်ချက်အရ ၁၉၇၆ ခုနှစ်

ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် တောင်ကြီးခရိုင် ဆီဆိုင်မြို့နယ် လုံးဒါ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသော ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)၏ ပထမအကြိမ်ညီလာခံကြီး၌ တပေါင်းလပြည့်နေကို (ပအိုဝ်းအမျိုးသားနေ့)အဖြစ် သတ်မှတ်အတည်ပြုကြောင်း ကြေငြာပါသည်။

၁၄.၃.၁၉၇၇ခုနှစ် တနင်္ဂနွေနေ့ (၁၃၃၈ခုနှစ်ပေါင်းလပြည့်နေ့)တွင် ပင်လောင်းမြို့နယ် နောင်တရား ကျေးရွာတွင် ဒေသအသီးသီးရှိ ပအိုဝ်းကိုယ်စားလှယ်တော်ကြီးများ တက္ကသိုလ် ကော်လိပ်ကျောင်းသားများ စုစည်းကြွရောက်လာကြ၍ တပေါင်းလပြည့် (ပအိုဝ်းအမျိုးသားနေ့) ဒန်သီလာဗွေပွဲတော်ကို စံပြအနေဖြင့်ပီပြင် ပေါ်လွင် လာအောင်စုပေါင်းကျင်းပကြပါတော့သည်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မော်လမြိုင်ကော်လိပ် အစရှိ သည်တို့မှ လည်းကောင်း၊ ပအိုဝ်းဒေသေအသီးသီးရှိ ကျေးရွာများတွင် လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့် ကျင်းပလာကြပါသည်။

# အာခါလူမျိုးတို့၏ ဒန်းစီးပွဲတော်

ဒန်းစီးပွဲကို တချိန်က သူရဲခေါင်းရွေးချယ်ရန်ရည်ရွယ်ပြီး ပြုလုပ်ခဲ့သော်လည်း ယခုခေတ်တွင်မူ စည်းလုံးညီညွတ်စွာပေါင်းစည်း၍ ပျော်ပွဲရွှင်ပွဲသို့ ရည်ရွယ်ပြီး လုပ်ဆောင်နေခြင်းဖြစ်သည်။

အာခါလူမျိုးတို့သည် တစ်နှစ်မှာ (၁၂)လ ရှိသည်အတိုင်း (၁၂)လလုံးလုံး တစ်လလျှင် ပူဇော်ပွဲတစ်မျိုးဖြင့် ပူဇော်ပြီး ဆင်းသက် လာခဲ့သော လူမျိုးတစ်မျိုးဖြစ်သည်။ ထိုသို့ လစဉ်ပူဇော်ပွဲများအနက် ခူရှီအာဖွေ၊ ယဲခူအာဖွေနှင့် ခါးထောင်းအာဖွေ သုံးခုသည် ကြီးကျယ် ခမ်းနားစွာဖြင့် ပြုလုပ်သော ပွဲကြီးသုံးပွဲဖြစ်ပါသည်။ ဤသုံးပွဲအနက် ယဲခူအာဖွေသည် ထူးခြားသောပွဲတစ်ခုဖြစ်သည်။

အစကနဦး၌ ဒန်းစီးခြင်းသည် ရိုးရာပူဇော်ခြင်းနှင့် ပျော်ပွဲရွှင်ပွဲတစ်ခုမဟုတ်ဘဲ သူရဲကောင်းရွေးချယ်ရာတွင် အသုံးပြုခဲ့ကြောင်း သိရှိရပါသည်။ တစ်ချိန်က အာခါလူမျိုးတို့သည်လည်း အစဉ်သန်မာ ထွားကြိုင်းသော လူမျိုးဖြစ်ဖို့ရန် လိုအပ်သည်ဖြစ်၍ လူမျိုးထဲမှ သတ္တိ ကောင်းသော သူရဲကောင်းရွေးချယ်ရာတွင် စမ်းသပ်ပွဲဟု ခေါ်ဆိုနိုင်သော ဒန်းစီးပွဲကို ကျင်းပလာခဲ့ကြသည် ဟုဆိုသည်။




သူရဲကောင်းရွေးချယ်ရန် ချောက်ကမ်းပါးနှုတ်ခမ်းပေါ်တွင် ပေ(၃၀)ရှိတိုင်(၄)တိုင် ကိုစိုက်ထူပြီး ထိုတိုင်(၄)တိုင်၏ထိပ်ကိုစုစည်း၍ နွယ်ကြိုးတစ်ချောင်းကို ဆွဲချထားပြီးမြေပြင်မှ(၄)ပေခန့် အကွာတွင် ချထားပါသည်။ သူရခေါင်းရွေးချယ်ခံမည့်သူများ ထိုကြိုးကွင်းသို့ ခြေကိုထိုး၍နွယ်ကြိုးကိုလက်ဖြင့်မြဲအောင်ကိုင်ထားပါသည်



တစ်ခြားသူများသည် ထိုနွယ်ကြိုးကို အားရပါးရ လွဲပေးရပါသည်။ အဝေးသို့လွဲသွားပြီး ပြန်အကျတွင်လည်း လွှဲချင်သလိုလွှဲပေးပြီး မည်သို့ပင်လွှဲလွှဲ ကြောက်စိတ်မရှိသူကို သူရဲကောင်း အဖြစ် ရွေးချယ်ပြီး ခေါင်းဆောင်တင်ပါသည်။ အရှုံးပေးသူကိုမူတစ် သက်ခေါင်းဆောင် မတင်သည့်အပြင် လူများခိုင်းတာခံရပါသည်။ တစ်ချိန်က လူစွမ်းကောင်းရွေးချယ်ခဲ့သော ရည်ရွယ်ချက်မှာ တစ်ဖြည်းဖြည်း ပျောက်ကွယ်လာပြီး ယခုခေတ်မှာ မောင်မယ်တို့ ပျော်မြူးရာ ပွဲတော်အသွင် ဆောင်လျက်ရှိပါသည်။

ယခုခေတ်တွင် ပြုလုပ်လျက်ရှိသော ဒန်းစီးပွဲတော်ကို ရွာထဲ၌ရှိသော နတ်ဆရာမှ ဦးဆောင်ပြီး ကျင်းပပြုလုပ်လျက်ရှိသည်။ ဤဒန်းစီးပွဲတောကို ယဲခူအာဖွေလောအေ ဟုခေါ်သော ဒန်းစီးပွဲ(၄) ရက်ရှိရာ ဒုတိယရက်တွင် ဒန်းတိုင်ကို ရွာတွင်းရှိလူလတပိုင်းမှ ဝိုင်းဝန်းပြီး ဖြောင့်တန်းသော သစ်ပင်ကိုထိပ်ဖျားမသပ်ဘဲ ခုတ်ထမ်းလာရပါသည်။ ရွာတွင်းရှိသက်ကြီးရွယ်အိုများက နွယ်ကြိုးကိုကျစ်ပြီး ဝိုင်းဝန်းကာ ဒန်းတိုင်များကိုထောင်ပြီး ဆင်ရပါသည်။

ထို့နောက်ရွာမှနတ်ဆရာက ဦးစွာ 'အေလေချော်' ဟုအော်ကာ စတင်လွှဲစီးပြီးပါက အသက်အကြီးဆုံးက စစီးရပါသည်။ ထို့နောက်ရွာရှိ လူငယ်များနှင့် တစ်ခြားရွာမှ ဧည့်သည်များပျော်ရွှင်စွာစီးကြပါသည်။ ဤကဲ့သို့ ပျော်ပွဲရွှင်ပွဲအဖြစ် ပြုလုပ်လျက်ရှိသော ဒန်းစီးပွဲတွင် အားကျဂုဏ်ယူစရာမှာ သီချင်းဆို၍ စီးခြင်းပင်ဖြစ်ပါသည်။ သီဆိုသောသီချင်း၏အဓိပ္ပါယ်မှာ စိုက်ပျိုးပြီးစီးသော သီး

နှံများ ဝေဝေဆာဆာ ပွင့်ပြီးသီးနေကြပြီ၊ တောသီးနှံတွေလည်း ဝေဆာ နေကြပြီ၊ မျှစ်တွေလည်း လုံ့စွပ်ပမာ ထွက်လာနေကြပါပြီ၊ ရွာသူ ရွာသားများ ဘေးမသီရန်မခ၊ ဆူးမညှိခလုပ်မထိ ကျန်းမာ ပျော်ရွှင်စွာ သွားလာနိုင်ပါစေ၊ သစ်သီးဝလံ၊ တိရစ္ဆာန်များအားလုံး တိုးပွား များပြားပါစေ ရောဂါကင်းဝေးပါစေဆိုပြီး သီချင်းအားဖြင့် ကောင်းကြီးပေးပါသည်။ ဤကဲ့သို့ ပျော်ပွဲရွှင်ပွဲအဖြစ် ပြောင်းလဲ ကျင်းပနေသော ဒန်းစီးပွဲတော်သည် စည်းလုံးညီညွတ်ခြင်း၊ ပျော်ရွှင် စွာလူငယ်လူကြီးမိတ်သဟာရယဖွဲ့လျက် စည်းစည်းလုံးလုံးရှိခြင်းကို ဖော်ဆောင်လျက်ရှိပြီး နောင်လာနောက်သားများအတွက် လိုက်နာ ကျင့်သုံးရန်ဦးတည်ပြီး လုပ်ဆောင်နေရခြင်းဖြစ်ပါသည်။ ဤဒန်းစီး ပွဲတော်ကို ဩဂုတ်လတွင် ကျင်းပလေ့ရှိပါသည်။




KYAW ZAW LAY

# မှီငြမ်းကိုးကားချက်များ

(၁) ၆.၁.၂၀၁၈ နေ့ထုတ် ကြေးမုံသတင်းစာ အထူးကဏ္ဍ တိုင်းရင်းသားရေးရာ။
လီဆူစာပေနှင့်ယဉ်ကျေးမှုကော်မတီ ကချင်ရိုးရာ ယဉ်ကျေးမှုနှင့်စာပေအဖွဲ့ချုပ် MD (55) စီတာပူရပ်ကွက် ၊ မြစ်ကြီးနား မြို့ ။

(၂) ၄.၈.၂၀၁၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာ အထူးကဏ္ဍ တိုင်းရင်းသားရေးရာ။
ကေ့ထိုးဘိုးရိုးရာ ဂေါပကအဖွဲ့ချုပ် (ဥက္ကဌ - ဦးဖိုးရယ် အောင်သိန်း) ၊ ကေ့ထိုးဘိုးလမ်း ၊ ထေးသမရပ်ကွက် ၊ လွိုင်ကော်မြို့။

(၃) ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ အမှတ်(၁၇)၊ စိန်ပန်းလမ်းသွယ်၊ အရှေ့ပိုင်းရပ်ကွက်၊ ပန်းတနော်မြို့ ။

(၄) ၂၉-၉-၂၀၁၈နေ့ထုတ် ကြေးမုံသတင်းစာ အထူးဏ္ဍ တိုင်းရင်းသားရေးရာ။
ထာဒိုစာပေနှင့်ယဉ်ကျေးမှုကော်မတီ ၊စော်ဘွား(၃) ရပ်ကွက်၊ အာရှလမ်း ၊ တမူးမြို့။

(၅) မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ၊ မွန်ဓမ္မာရုံ ၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့။

(၆) ရခိုင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ၊ အမှတ်(၁၃၄) ပန်းခြံလမ်း၊ ရှူပ (မြောက်) စစ်တွေမြို့ ။

(၇) ၂၅.၁၁.၂၀၁၇ နေ့ထုတ် ကြေးမုံသတင်းစာ အထူးကဏ္ဍတိုင်းရင်းသားရေးရာ။

(၈) ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီ၊ ပြည်ထောင်စုလမ်းမကြီး ၊ နောင်ကုလားကျေးရွာ၊ သထုံမြို့နယ်။

(၉) အာခါစာပေနှင့်ယဉ်ကျေးမှုကော်မတီ နောင်နန်းရွာ၊ မိုင်းဇင်းအုပ်စု ၊ ကျိုင်းတုံမြို့ ။